help without frontiers มูลนิธิช่วยไร้พรมแดน

# နယ်စည်းမခြားကူညီစောင့်ရှောက်ရေးအဖွဲ့

# ကလေးသူငယ်ဘေးကင်းလုံခြုံရေးမူဝါဒ နှင့်

# ကျင့်ဝတ်စည်းကမ်းများ

## မာတိကာ


၁။ နိဒါန်း ၃
၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၃
၃။ ကလေးများနှင့်တွေ့ဆုံပြောဆိုရာတွင်လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ ၄
    ၃.၁။ ကျင့်ဝတ်စည်းကမ်းများ ၄
    ၃.၂။ HWF၏ ကျင့်ထုံးဥပဒေ ၅
၄။ကျင့်ဝတ်စည်းကမ်းများနှင့် ကျင့်ထုံးဥပဒေများအား ချိုးဖေါက်ခြင်း ၆
၅။ ဝန်ထမ်းခန့်အပ်ခြင်း ၇
၆။ ပညာရေး နှင့် လေ့ကျင့်ရေးသင်တန်း ၈
၇။ ကလေးများနှင့်ပတ်သက်သည့်သတင်းအချက်လက်များအား စီမံခန့်ခွဲ ခြင်း ၈
၈။ မိတ်ဖက်အဖွဲ့အစည်းများ ၈
၉။စီမံခန့်ခွဲမှုနှင့်ဖွဲ့စည်းပုံ ၈
၁၀။တိုင်တန်းခြင်းနှင့်အရေးယူခြင်း လုပ်ထုံးလုပ်နည်းကျင့်စဉ် ၉


### နောက်ဆက်တွဲ (အချပ်ပို)


ကလေးသူငယ်ဘေးကင်းလုံခြုံရေးမူဝါဒ အကျဉ်းချုပ် ၁၀
ဧည့်သည်များလိုက်နာရမည့်အပြုအမူနှင့်သက်ဆိုင်သည့်စည်းမျဉ်းစည်းကမ်းများ ၁၂
ဓာတ်ပုံဆရာများနှင့် မီဒီယာများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ၁၃
သတင်းထောက်များလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ၁၄
စေတနာဝန်ထမ်းများ လိုက်နာရမည့် HWF၏ စည်းမျဉ်းစည်းကမ်းများ ၁၆
အမှုဖြစ်စဉ်များအားကိုင်တွယ်ဖြေရှင်းမှုကိုဖော်ပြသည့်ဇယား ၁၇

## ၁။ နိဒါန်း

နယ်စည်းမခြားကူညီစောင့်ရှောက်ရေးအဖွဲ့ (HWF) သည်  ကလေးသူငယ်များ၏ လူမှုဖူလုံရေး အတွက် ကာကွယ်စောင့်ရှောက် ပေးရန် အခိုင်အမာကတိပြုထားသည်။ (HWF) အနေဖြင့် ကလေးများအား အန္တရာယ်ဖြစ် စေနိုင်သောကိစ္စရပ်များနှင့်ပတ်သက်၍ အသိပညာများဖွံ့ဖြိုးတိုးတက်စေရန် အသင်းမှ တာဝန်ရှိသည်ကို အသိအမှတ် ပြုပြီးနားလည် လက်ခံထားသည်။ လှူပ်ရှားမှုများလုပ်ဆောင်စဉ် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း ဧည့်သည် များနှင့်ထိတွေ့ဆက်နွယ်မှုရှိ သောကလေးများအား ဆက်လက် အကာအ ကွယ်ပေး လုပ်ဆောင် သွားမည် ဖြစ်သည်။

နောင်တွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒမှ ကလေးသူငယ်ဘေး ကင်းလုံခြုံရေးဆိုင်ရာ မူဝါဒဟုပြောင်းခေါ်တွင်မည့် ဤဝါဒတွင် ကလေးသူငယ်များနှင့်တိုက်ရိုက် (သို့)သွယ်ဝိုက်ထိတွေ့မှုရှိသော စေတနာ့ ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ဧည့်သည်များ (သို့) အလှူရှင်များနှင့် ပတ်သက်သည့် အကြောင်းအရာများအားဖော်ပြသွားမည်။ ထိုကလေးသူငယ်ဘေးကင်းလုံခြုံရေးဆိုင်ရာမူဝါဒသည် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သော လုပ်ငန်းများ၌ HWF အတွက်တာ ဝန်ထမ်းဆောင်သူများ ၏ အခန်းကဏ္ဍများနှင့် တာ ဝန်ဝတ္တရားများ ကိုပြဌာန်းထားသည်။

ကလေးသူငယ်ဘေးကင်းလုံခြုံရေးမူဝါဒသည် ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အ ရေးဆိုင်ရာသဘောတူညီချက်မှချမှတ်ထားသော ပြည်ပြည်ဆိုင်ရာကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စံချိန်စံညွှန်းများနှင့်အညီဆောင်ရွက်လျက်ရှိသည်။ အဆိုပါက လေး သူငယ် အခွင့်အရေးကို ၂၀၀၃ ကလေးသူငယ်ကာ ကွယ်ရေးအက်ဥပဒေကိုအကောင်ထည်ဖော်ခြင်းဖြင့် ထိုင်းမျိုးသား ဥပဒေ၌ ထည့်သွင်း ပြဌာန်းခဲ့သည်။

ဤမူဝါဒ၏အဓိကကျသောအခြေခံမူများမှာ

- HWF အနေဖြင့် ကလေးသူငယ်များ၏လုံခြုံမှုနှင့် လူမှုဖူလုံရေးသည် အရေးအကြီးဆုံး ဖြစ်သည် ဟုခံယူထားပြီး ကလေးများအားအန္တရာယ်မှကာကွယ်နိုင်သည့်လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက် လျက်ရှိပါသည်။
- အသက်အရွယ်မရွေး၊ မသန်စွမ်းမှု၊ ကျား၊မ၊ လူမျိုး(သို့) လူမျိုးစု ဌာနေ၊ ဘာသာရေးယုံကြည်ချက်နှင့် လိင်ပိုင်းဆိုင်ရာ စသည့် ကွဲပြားမှုများ မည်သို့ပင်ရှိနေစေကာမူ ကလေးများအားလုံး အန္တရာယ် ကျရောက်ခြင်း (သို့) အလွဲသုံး စားပြုခြင်းမှ အကွာအကွယ်ပေးရန် အခွင့်အရေးများရှိသည်။
- HWF အနေဖြင့် မိမိတို့၏ဝန်ထမ်းများနှင့်မိမိတို့အတွက်အလုပ်လုပ်သူများအားလုံးမှ ကလေးသူငယ် များအပေါ် မတရားဖိနှိပ်မှု များအား လုံးဝလက်ခံမည်မဟုတ်ပါ။
- HWF သည် “အန္တရာယ်မပြုရ” ဟူသောအခြေခံမူအား လိုက်နာကျင့်သုံးလျက်ရှိပြီး အဖွဲ့အစည်း ၏အစီအစဉ်များအားလုံးသည်လည်း ကလေးများအတွက်လုံခြုံစိတ်ချမှုရှိရမည်ဟု ကတိပြုထား သည်။
- ကလေးများနှင့် သက်ဆိုင်သည့်လုပ်ဆောင်မှုများအားလုံးအတွက် မူလထည့်သွင်းစဉ်းစား ရမည့်အချက်မှာ ကလေးများ၏ အကျိုးစီးပွားကို ရှေ့ရှုရေးဖြစ်သည်။ [1]

[1] ကလေးများ၏အကျိုးစီးပွားအခြေခံမူကို ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူညီချက် တွင်အတည်ပြုထားသည်။

## ၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**ကလေးသူငယ်** [2]

ကလေးဆိုသည်မှာနိုင်ငံတစ်နိုင်ငံ၏ဥပဒေများအရ အရွယ်ရောက်ပြီးသောသူများအတွက်အသက်သတ်မှတ်ထားခြင်းမှ အပအသက် ၁၈နှစ်အောက် လူသားအားလုံးသည် ကလေးများဖြစ်သည်။

**ကလေးသူငယ် ညှင်းပန်းနှိပ်စက်မှု** [3]

ကလေးသူငယ်ညှင်းပန်းနှိပ်စက်မှု (သို့) ရက်စက်စွာဆက်ဆံမှုတွင် ရုပ်ပိုင်းဆိုင်ရာနှင့် (သို့) စိတ်ပိုင်းဆိုင်ရာ ရက်စက်စွာ ဆက်ဆံမှုပုံစံများ၊ လိင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားမှု၊ လျစ်လျူရှုမှု(သို့)ပေါ့ဆမှု၊ စီးပွားဖြစ် (သို့) အခြား သောအလွဲသုံး စားပြုလုပ်မှုများအားလုံးပါဝင်သည်။ ထိုအခြေနေများ ကြောင့် ကလေး ၏ကျန်းမာရေး၊ အသက်ရှင်ရပ်တည်ခြင်း၊ တာဝန်ဝတ္တရားများနှင့်ဆက်နွယ်မှု၊ ယုံကြည်မှု (သို့)လုပ်ပိုင်ခွင့်အာ ဏာပိုင်းတွင် ကျော်လွန်ဆောင်ရွက်ခြင်း (သို့) သိက္ခာရှိစွာ နေထိုင်ခြင်းတို့ကို အမှန်တကယ်ထိခိုက်ခြင်း (သို့) ထိခိုက်ခံရနိုင် ခြေရှိနိုင်သည့် အကျိုးဆက်များ ကိုဖြစ်ပေါ် စေနိုင်သည်။ (WHO, 1999)

ညှင်းပန်းနှိပ်စက်မှု (၄) မျိုးအားခွဲခြားသတ်မှတ်ထားသည်။ ၎င်းတို့မှာ−

- ရုပ်ပိုင်းဆိုင်ရာအနာတရဖြစ်ခြင်း ဆိုသည်မှာ ကလေးတစ်ဦးအား အန္တရာယ်ကျ ရောက်နိုင် ခြေရှိမှု(သို့) အမှန်တကယ်အန္တရာယ်ကျရောက်စေရန် တမင်ရည်ရွယ် ချက်ရှိရှိ (သို့) အမှတ်တမဲ့ လုပ်ဆောင် လိုက်သော မတော်တဆ မဟုတ်သော ရုပ်ပိုင်းဆိုင်ရာ အင်အားသုံးခြင်းဖြစ်သည်။ ၎င်းတွင် ရိုက်နှက် ခြင်း၊ လှုပ်ခါခြင်း၊ အဆိပ်ခပ်ခြင်း၊မီးရှို့ခြင်း (သို့) ရေနွေးပူလောင်ခြင်း၊ ရေနှစ်ခြင်း၊ အသက်ရှူကျပ် စေခြင်း(သို့)က လေးငယ်တစ်ဦးအားရုပ်ပိုင်း ဆိုင်ရာထိခိုက်မှုကိုဖြစ်စေနိုင် သည့် (သို့)နာမကျန်းမှုဖြစ်စေခြင်းစသည့် အပြုအမူများစွာပါဝင်ပါသည်။
- လျစ်လျူရှုမှု ဆိုသည်မှာ ကလေး၏အခြေခံရုပ်ပိုင်းဆိုင်ရာနှင့် (သို့)စိတ်ပိုင်းဆိုင်ရာလိုအပ် ချက်များ ကို ဖြည့်ဆည်းရန်စဉ်ဆက်မပြတ်ပျက်ကွက်ခြင်းသည် ကလေး၏ ကျန်းမာရေး (သို့)ဖွံ့ဖြိုး တိုး တက်မှုကိုဆိုး ရွားစွာထိခိုက်စေနိုင်သည်။၎င်းတွင် လုံလောက်သောအစားအစာများ၊ ရာသီအလိုက် သင့်လျော်သောအဝတ် အစားများ လုံလောက်ခြင်းနှင့် (သို့)နေရာထိုင်ခင်းများ ပေးရန် အကန့်အသတ် မရှိပျက်ကွက်ခြင်း တို့ပါဝင် သည်။ တစ်နည်းအားဖြင့် လျစ်လျူရှုခြင်းသည် ကလေးများအား အန္တရာယ်မှ ကာကွယ်ပေး ရန်ပျက်ကွက်ခြင်း၊ သေချာလုံလောက်သော ကြီးကြပ်မှုများ ပြုလုပ်ရန် ပျက်ကွက်ခြင်း သာဓကအား ဖြင့်သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှု(သို့)ကုသမှုများပေးရန်ပျက်ကွက်ပြီးမမှန်ကန်သောဆေးဝါးကုသမှုများ ပေးအပ်ခြင်း (ဥပမာ- ခွင့်ပြုချက်မရှိသည့်ဆေးဝါး များကိုအသုံးပြုခြင်း) (သို့) ဘေးကင်း လုံခြုံသောသဘာဝပတ်ဝန်း ကျင်ဖန်တီးပေးရန်ပျက်ကွက်ခြင်း (ဥပမာ- အကြမ်းဖက်မှုများအား တွေ့ကြုံမှု၊ မလုံခြုံသောတည်နေရာဖွဲ့စည်း ပုံများ၊ အန္တရာယ်ရှိသော အိပ်စက်စေခြင်း အလေ့အထ များ၊ ကလေးအား အရွယ်ရောက်ပြီးသား သူစိမ်း နှင့်ထည့်ပေးခြင်း) တို့ဖြစ်သည်။
- ကလေးငယ်တစ်ဦးအား စိတ်ပိုင်းဆိုင်ရာညှင်းပန်းနှိပ်စက်မှုများ (သို့) မလျှော်ကန်သော ပြုမူဆက် ဆံမှုများ စဉ်ဆက်မပြတ် ပြုလုပ်ပါက ကလေး၏ဖွံ့ဖြိုးတိုးတက်ရေးကို လွန်စွာထိခိုက်မှုရှိနိုင် သည်။ ထိုအပြုအမူများ

---

[2] HWFသည် ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူညီချက် အပိုဒ်၁ (CRC)ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုအသုံးပြုသည်။

[3] ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူညီချက် (CRC) အပိုဒ် (၄)၊၁၉

တွင် ကလေး၏စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်းဆိုင်ရာ၊ စိတ်ပိုင်း ဆိုင် ရာ(သို့)စိတ်ပညာနှင့်ပတ်သက်သောတိုးတက်မှုများအားအန္တရာယ်ပြုခြင်း တို့ပါဝင် သည်။ ဆက် လက်ပြီး အဆိုပါဖိနှိပ်မှုများတွင်ကလေးများအရှက်တကွဲဖြစ်စေမည့် (သို့) ဂုဏ်သိက္ခာ ကျဆင်း စေမည့်ဖိနှိပ်မှုများ (ဥပမာ–နာမည်ဆိုးပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အော်ဟစ်ခြင်း၊ စူးစူးဝါး ဝါးဟစ်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ နောက်ပြောင်ကျီစယ်ခြင်း၊ အမြဲတမ်းဝေဖန်ခြင်း၊ သိမ်ငယ် စေခြင်း၊ ထပ်တလဲ လဲအရှက်ခွဲခြင်း စသည်)၊ ကလေးတစ်ဦး၏စိတ်ပိုင်း ဆိုင်ရာလိုအပ် ချက်များကို ဖြည့်ဆည်းရန်ပျက် ကွက်ခြင်း၊ငြင်း ပယ်ခြင်း၊ လျစ်လျူရှုခြင်း၊ ခြိမ်းခြောက်ခြင်း နှင့် ကလေးအား အထီးကျန်စေခြင်း (သို့) ပိတ်လှောင်ခြင်းတို့ လည်းပါဝင်သည်။

- လိင်ပိုင်းဆိုင်ရာညှင်းပန်းနှိပ်စက်မှုဆိုသည်မှာ ကလေးအပေါ် ကလေးသူငယ်တစ်ဦးနှင့်လူကြီး (သို့)၎င်းနှင့်အရွယ်တူ ကလေး(သို့) ဆက်နွယ်မှုဖြင့်တာဝန်ယူမှုရှိစေခြင်း၊ ယုံကြည်မှု (သို့) ကလေး များအားလိင်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများတွင်ပါဝင်လာစေရန် အတင်းအကျပ်ပြုခြင်း(သို့)အား ပေးအား မြောက်ပြုစေခြင်းတို့ဖြစ်သည်။ ထိုလုပ်ရပ်များတွင် ရုပ်ပိုင်းဆိုင်ရာထိတွေ့မှုများ၊ လိင် အင်္ဂါဇာတ်အတွင်း သို့ထိုးသွင်းစော်ကားမှုအပါအဝင် (ဥပမာမုဒိမ်းကျင့်ခြင်း(သို့)ပါးစပ်ဖြင့် လိင်ဆက် ဆံခြင်း) (သို့) ထိုးသွင်းမှုမဟုတ်သောလုပ်ဆောင်မှု သာဓကအားဖြင့် တစ်ကိုယ်ရည်အာ သာဖြေခြင်း၊ နမ်းခြင်း၊ပွတ်သတ်ခြင်းနှင့်အဝတ်စားအပြင်ဖက်ထိတွေ့ခြင်း တို့ပါဝင်သည်။ထို့အပြင် ထိတွေ့မှုမရှိ သောလိင်ပိုင်းဆိုင်ရာလှုပ်ရှားမှုများ ထိုကဲ့သို့ ကလေးများအား ညစ်ညမ်း ရုပ်ပုံများ အားကြည့်ရှုစေခြင်း (သို့) ထုတ်လုပ်မှုများတွင်ပါဝင်စေခြင်း၊ လိင်ပိုင်းဆိုင် ရာလုပ်ဆောင်မှုများ အားကြည့်ရှုစေခြင်း၊ ကလေး များအားမသင့်လျော်သောလိင်ပိုင်း ဆိုင်ရာအပြုအမူများ လုပ်ဆောင်ရန်လှုံ့ဆော်ခြင်း (သို့) ညှင်းပမ်းနှိပ် စက်ရန်ကလေး အားမလျော်ကန်စွာဝတ်စား ဆင်ယင် စေခြင်း(အင် တာနက်မှ တစ်ဆင့်လုပ်ဆောင်မှု များအပါအဝင်)များ လည်းပါဝင်ပါသည်။အဆိုပါလိင်ပိုင်းဆိုင်ရာကျူးလွန်မှု များသည် အရွယ် ရောက်ပြီးသော အမျိုးသား များသာလျှင်ကျူးလွန်နိုင်ကြသည်မဟုတ်ပဲ အမျိုး သမီးများနှင့် ကလေးများ လည်းထိုလုပ် ရပ်များတွင်ဖြစ်မှုကျူးလွန်နိုင်သည်။
- ကလေးသူငယ်ခေါင်းပုံဖြတ်ခြင်းသည် ကလေးများအား ဖိအားပေးခြင်း၊လှည့်စားခြင်း၊အတင်း အကျပ်လုပ်ခိုင်းခြင်း (သို့) အကျိုးအမြတ်အတွက်လုပ်ဆောင်သောလှုပ်ရှားမှုများအတွင်းသို့ လူကုန် ကူးခြင်း စသည့်အပြုအမူများ ကိုခြုံငုံ ဖော်ပြ သည့် အသုံးအနှုန်းဖြစ်သည်။ Save the Children ၏ ကလေးသူငယ်ခေါင်းပုံဖြတ်ခြင်းဆိုင်ရာအရကလေးများအားခေတ်သစ်ကျွန်ဖြစ်စေခြင်း နှင့်က လေး များအားလူကုန်ကူးမှုပြုခြင်းနှင့် ကလေးများအား အတင်းအကျပ်စေခိုင်းခြင်း (သို့) ကလေးစစ် သား အဖြစ် လက်နက်ကိုင်တပ်များအတွင်းသို့သွတ်သွင်းစေခြင်းတို့ ပါဝင်သည်။ ကလေးသူငယ်လိင်ပိုင်း ဆိုင်ရာခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း သည်ကလေးသူငယ်လိင်ပိုင်း ဆိုင်ရာညှင်း ပန်းနှိပ်စက် မှုပုံစံတစ်မျိုးဖြစ်သည်။ ၎င်းမှာ လူတစ် ဦးတစ်ယောက် (သို့) လူတစ်စုမှ အင်းအားမမျှတမှု အပေါ်အခွင့်ကောင်းယူပြီး အတင်းအကျပ်လုပ်ခြင်း၊ ခြယ်လှယ်ခြင်း (သို့) အသက် (၁၈)နှစ် အောက်က လေး(သို့)လူငယ် အားလိင်ပိုင်းဆိုင်ရာလုပ်ဆောင်မှုများတွင် ဖောက်ပြန်လှည့်ဖြား ခြင်းများ ၌ ဖြစ်ပေါ် နိုင်သည်။ ထိုအခြေအနေများမှာ
    - က) ကျူးလွန်ခံရသူ လိုအပ်သော(သို့) လိုချင်သောအရာတစ်ခုနှင့် အလဲအလှယ်ပြုလုပ်ခြင်း နှင့်(သို့)
    - (ခ) ငွေကြေးပိုင်းဆိုင်ရာအမြတ်ထုတ်ရန်အတွက်(သို့) ကျူးလွန်သူ(သို့) ဆောင်ရွက် ပေးသူ တို့အား ဂုဏ်တက်အောင် မျက်နှာသာပေးခြင်းတို့ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာလှုပ်ရှားမှုသည် နှစ်ဦးနှစ်ဖက်အပေးအယူသဘောတူသည်ဟုထင်ရသော်ငြားလည်းကျူးလွန်ခံရသူမှာလိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းခံရနိုင်သည်။

ကလေးသူငယ်လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်အမြတ်ထုတ်မှုတွင် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း များ သည်အမြဲတစေပါဝင်နေခြင်းမရှိပါ၊ နည်းပညာအသုံးပြုခြင်းဖြင့် လည်းဖြစ်ပွား စေနိုင်သည်။ Save the Children အဆိုအရကလေး သူငယ်လိင်ပိုင်း ဆိုင်ရာညှင်း ပန်းနှိပ်စက်ခြင်း နှင့်အမြတ်ထုတ် ခြင်း တို့ တွင် ကလေးများအား စောစီးစွာနှင့်အတင်းအကျပ်လက် ထပ်ထိမ်း မြားပေးခြင်းတို့ပါဝင်သည်။

**<u>လှုပ်ရှားမှုများ</u>**–ဤပေါ်လစီရည်ရွယ်ချက်အရ မည်သို့သောအခြေအနေများတွင် HWFအနေဖြင့် ကလေးများ အား တိုက်ရိုက်ဆက်သွယ်ထိတွေ့ခြင်း သာဓကအားဖြင့် ကျောင်းများအားလည်ပတ်ခြင်း (သို့) တိုက်ရိုက် မဟုတ် သော လုပ်ဆောင်မှုများ ဥပမာ လည်ပတ်သူများအား ကလေးများနှင့်ပတ်သက် သောအကြောင်း အရာများနှင့် စီစဉ်ထား သော လုပ်ငန်းဆောင်တာအကြောင်းများအတွက် စကားပြောဆိုခြင်းများ စသည့်အ ရာများကို HWF၏ လှုပ်ရှားမှု များဟု သတ်မှတ်သည်။

## ၃။ ကလေးများနှင့်တွေ့ဆုံပြောဆိုရာတွင်လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ

ကမ္ဘာ့ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူညီချက်(CRC)မှချမှတ်ထားသောအပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီအခြားသောသက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ၊ သက်ဆိုင်ရာ ထိုင်းဥပဒေ စည်းမျဉ်းစည်းကမ်းများအပါအဝင်(ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ ပုဒ်မ (၂၂)၊ ၂၅၄၆ (၂၀၀၃) အရ ဝန်ထမ်းများနှင့် ဧည့်သည်များအားလုံးသည် ထိုစည်း ကမ်းများ ကိုနားလည်သဘောပေါက်ကာ လေးစားလိုက်နာပြီး ကလေးသူငယ်များ၏ရုပ်ပိုင်း ဆိုင်ရာ၊ စိတ်ပိုင်းဆိုင် ရာ၊ကိုယ်ကျင့်တ ရားသမာဓိ၊လွတ်လ ပ်ခွင့်၊ပုဂ္ဂိုလ်ရေး လျှို့ဝှက် ချက်များအားလေးစားပြီးလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တစ်ခုအားသေချာဖန်တီးပေးနိုင်ရမည်။ ထိုကျင့်ဝတ် စည်း ကမ်းများအားလုံးကို ဝန် ထမ်းများ၊ အလှူရှင်များနှင့်ဧည့်သည်များအနေဖြင့် ကလေးများ နှင့်ထိတွေ့ဆက် သွယ်မှု မရှိခင် ရရှိထားရမည်။

**ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် အလုပ်သင်များ၊ အလှူရှင်များနှင့် ဧည့်သည်များသည် ကလေးများ နှင့်ထိတွေ့ဆက်ဆံရာတွင် အောက်ဖော်ပြပါသက်ဆိုင်ရာကျင့်ဝတ်စည်းကမ်းများ၊ လက်တွေ့လုပ် ဆောင်မှု များ ကိုလိုက်နာရမည်။**

### ၃.၁။ ကျင့်ဝတ်စည်းကမ်းများ

**<u>က)ဝန်ထမ်းများ၊ အလုပ်သင်များ စေတနာ့ဝန်များနှင့် ကန်ထရိုက်တာများ၏ ကလေးများနှင့်ဆက်ဆံရာတွင် သင့်လျော်သောအပြုအမူများ</u>**

- ကလေးသူငယ်များနှင့်ရင်းနှီးကျွမ်းဝင်လိုသောစိတ်နေသဘောထားရှိရမည့်အပြင်ကလေးတစ် ယောက်ချင်းစီ၏ ဂုဏ်သိက္ခာနှင့် ကလေး၏ တွေးခေါ်ကြံဆမှုများအား လေးစားရမည်။
- ကလေးတစ်ဦးချင်းစီအားထူးခြားသောလက္ခဏာများနှင့်လိုအပ်ချက်များရှိသော သူမတူ ပုဂ္ဂိုလ်များ အဖြစ်ထင်မှတ်ရမည်။
- ကလေးနှင့် သူ၊ သူမ၏မိဘများ၊ မိသားစုဝင်များ၊ အိမ်နီးချင်းများနှင့် ကလေး၏ရိုးရာ ယဉ်ကျေးမှု အခြေအနေ များနှင့် နေထိုင်စားသောက်မှုများအား လက်ခံပြီး လေးစားရမည်။
- ကလေးများအပေါ် ကိုယ်ချင်းစာခြင်းထက် မျှဝေခံစားတတ်မှုရှိရမည်။
- ကလေးများ၏ ထင်မြင်ချက်များကို နားထောင်တတ်ခြင်း၊တန်ဖိုးထားခြင်းနှင့် လေးနက်စွာ ဓမ္မဓိဌာန် ကျကျ လုပ်ဆောင်ရမည်။

- ကလေးများ၏ကြိုးစားအားထုတ်မှုနှင့်လုပ်ဆောင်ချက်များကို တန်ဖိုးထားအသိအမှတ်ပြုရမည်။
- သံသယဖြစ်မှု (သို့) ကလေးသူငယ်ဘေးကင်းလုံခြုံရေးဆိုင်ရာနှင့် သက်ဆိုင်သောစိုးရိမ်ဖွယ်ရာ များရှိပါ က တိုင်တန်းသတင်းပို့သည့် ယန္တရားမှတဆင့် တိုင်ကြားသတင်းပို့ရမည်။
- အကယ်၍ကလေးငယ်တစ်ဦးမှသင့်အားစိုးရိမ်ပူပန်ရမည့်အချက်များ(သို့)ပြဿနာရှိကြောင်းပြောပြလာလျှင် သင့်လျော်သောအရေးယူဆောင်ရွက်မှုများကိုချက်ချင်းဆောင်ရွက်ရမည်။
- ခွဲခြားဆက်ဆံခြင်း၊ မမျှတစွာဆက်ဆံမှုကိုပြခြင်း (သို့) အချို့သောကလေးများအား မျက်နှာသာ ပေးပြီး အခြားသူများအားချန်လုပ်ထားခြင်းများကိုမပြုမူရန်။
- ကလေးသူငယ်များ၏ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုထိခိုက်နိုင်သည့်မသင့်လျော်သောအပြုအမူများ(သို့) ပုတ်ခတ်ခြင်းများအားရှောင်ကျဉ်ရန်။
- ဝန်ထမ်းများသည် ကလေးများနေထိုင်သည့်ပတ်ဝန်းကျင်အခြေအနေနှင့်ကိုက်ညီမှုရှိသည့် အဝတ်အ စား များသာဝတ်ဆင်ရန်။
- မီဒီယာများ (သို့) သူစိမ်းများ ထံ ကလေးတစ်ဦးဦး၏အချက်အလက်များ၊ (သို့) အခြားသော ထိခိုက် လွယ်သည့်သတင်းများအားပေးခြင်းမပြုလုပ်ရ။
- HWFနှင့်ပတ်သက်၍ကြိုတင်သိရှိထားခြင်းမရှိပဲမည်သည့်အသေးစိတ်အချက်အလက်များကိုမျှပေးဆောင်ခြင်း (သို့) စုဆောင်းထားသောအချက်အလက်များအားပုံနှိပ်ဖြန့်ဝေခြင်းများ မပြုလုပ်ရ။
- ကလေးများနှင့်သက်ဆိုင်သည့်စာသားများနှင့်ရုပ်ပုံများအားခြယ်လှယ်အသုံးချခြင်း(သို့)အထိအတွေ့ပြုလုပ်ခြင်းများအားရှောင်ကျဉ်ရန်။ ကလေး၏ဂုဏ်သိက္ခာထိန်းသိမ်းမှုအပေါ်ကိုသာအလေး ထား လုပ်ဆောင်ရမည်။
- HWF၏စီမံကိန်းအကြောင်းအရာများအားဆွေးနွေးသည့်အခါလျှို့ဝှက်ထားမှုများရှိရန်နှင့်သတင်းမီဒီယာများထံ လေ့လာတွေ့ရှိထားသောဖြစ်ရပ်မှန်များကိုထုတ်ဖော်ပြောဆိုမှုမလုပ်ရ။

ဤသည်မှာပြည့်စုံစေ့စပ်စွာဖော်ပြထားခြင်းမဟုတ်ပါ။ အဓိကအရေးကြီးသည့်မူဘောင်မှာ ဝန်ထမ်းများ အနေနှင့် ကလေးအားမကောင်းသောအမူအကျင့်(သို့)ကလေးသူငယ်များအားအန္တရာယ်ကျရောက်စေနိုင်သည့်ပြုမူ လုပ်ဆောင်မှုများအားရှောင်ရှားရမည်။

**ခ)အထက်ပါဖော်ပြချက်များအပြင်အလှူရှင်များ၊ကျောင်းစောင့်ရှောက်သူများနှင့်ဧည့်သည်များ၏သင့်လျော်သောအပြုအမူများမှာအောက်ပါအတိုင်းဖြစ်သည်။**

- စီမံကိန်းတစ်ခုခုသို့သွားရောက်လည်ပတ်မှု (သို့) ကလေးသူငယ်များနှင့်အပြန်အလှန်ထိတွေ့ ဆက် သွယ်ခြင်း မပြုမီ HWFထံကြိုတင်ခွင့်ပြုချက်ရယူထားရမည်။
- အလှူရှင်များ၊ဧည့်သည်များ၊ကျောင်းစောင့်ရှောက်သူများနှင့် အတူ HWFဝန်ထမ်းများမှလိုက်ပါပေး မည် ဖြစ်ပြီး ကလေးသူငယ်များနှင့်ထိတွေ့ဆက်ဆံခြင်းများအပါအဝင် ချမှတ်ထားသော လမ်းညွှန် ချက် များကို လိုက်နာရမည်။
- အလှူရှင်များ၊ ဧည့်သည်များ၊ကျောင်းစောင့်ရှောက်သူများအနေဖြင့် မည်သည့်ကလေး၏ ဖြစ်ရပ်မှန် မှတ်တမ်းမှတ်ရာများ(သို့)ကိုယ်ရေးရာဇဝင်များကို ကလေးနှင့်HWF တို့၏ကြို တင်ခွင့်ပြုချက် မရပဲ မှတ်တမ်းယူခွင့်မပြုပါ။
- မီဒီယာ–HWF၏ မီဒီယာကျင့်ဝတ်စည်းကမ်းများ (ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး လမ်းညွှန်ချက်များ)အား ကျေးဇူးပြု၍ ရည်ညွှန်းပါ။

## ၃.၂။ HWF၏ ကျင့်ထုံးဥပဒေ

HWFအနေဖြင့် HWFနှင့် (သို့) HWF အတွက် လုပ်လုပ်ကိုင်နေသော ဝန်ထမ်းများ နှင့် အခြားသော သူများ တစ်နည်းအားဖြင့်ကလေးများနှင့်တိုက်ရိုက်ထိတွေ့နေသောသူများအားယုံကြည်ထိုက်သူများအဖြစ်အသိအမှတ်ပြုထားမှု သည်ထိုသူများအတွက်အရေးကြီးသည်။ ဝန်ထမ်းများ အနေဖြင့် အောက်ဖော်ပြပါ အချက်အ လက်များကို လုပ်ဆောင်ခြင်းဖြင့် ဘေးကင်းလုံခြုံပြီး အထောက်အ ကူပြုပေး သည့်ပတ်ဝန်း ကျင်ပေါ်ပေါက် လာဖို့ဖန်းတီးပေးသင့်သည်။

- ၁၈နှစ်အောက်ကလေးသူငယ်များအားလိင်ပိုင်းဆိုင်ရာဝန်ဆောင်မှုအတွက်ပေးဆောင်ခြင်းအပါအဝင်မည်သည့် နည်းနှင့်မျှလိင်ဆက်ဆံမှုပြုခြင်း(သို့) လိင်ပိုင်းဆိုင်ရာလှုပ်ရှားမှုများ တွင်ပါဝင်ပတ် သက်မှု မရှိစေရန်။
- ကလေးသူငယ်များကို အသုံးချအမြတ်ထုတ်ရန် (သို့) အနှောင့်အယှက်ပေးရန် (သို့) မည်သည့်ကြားခံနည်းလမ်းများမှတစ်ဆင့်ကလေးအားခေါင်းပုံဖြတ်အသုံးချသည့်ပစ္စည်းများအားလက်ဝယ်ထားရှိ ရန်အတွက် ကွန်ပျူတာများ၊ လက်ကိုင်ဖုန်းများ၊ဗီဒီယိုကင်မရာများ၊ ကင်မရာများ(သို့) လူမှုကွန် ယက်များ အားမည်သည့်နည်းနှင့်မျှအသုံးမပြုရ။
- HWF၏ကွန်ပျူတာများ၊စနစ်များတွင်ညစ်ညမ်းရုပ်ပုံစာပေကဲ့သို့သောမသင့်လျှော်သည့်အရာများအားကြည့်ရှုခြင်း၊ ဒေါင်းလုပ်လုပ်ခြင်း၊ ဖန်တီးခြင်း နှင့် ဖြန့်ဝေခြင်းများမပြုရ။
- ကလေးများအား ရုပ်ပိုင်းဆိုင်ရာကိုယ်ထိလက်ရောက်ကျူးလွန်သောပြစ်ဒဏ်များမပေးရ။
- ကလေးများအား အသက်အရွက်မလိုက်ပဲ (သို့)ဖွံ့ဖြိုးတိုးတက်မှုပိုင်းအရ မသင့်လျှော်ပဲ အိမ်မှုကိစ္စအ တွက်(သို့)အလုပ်သမားအဖြစ်ငှားရမ်းခြင်းမပြုရ။
- ကလေးများအနီးအလုပ်လုပ်နေစဉ်တွင် အခြားသောအရွယ်ရောက်ပြီးသူတစ်ဦး ရှိနေရမည်။
- ကလေးခေါင်းပုံဖြတ်အမြတ်ထုတ်မှုစိုးရိမ်မှုများ(သို့)စွပ်စွဲမှုများနှင့်မူဝါဒများအတိုင်းမကိုက်ညီသည်များ တစ်စုံတရာရှိပါက သင့်လျော်သောလုပ်ထုံးလုပ်နည်းများနှင့်အညီ ချက်ချင်းသ တင်းပို့ တိုင် တန်းရမည်။
- HWFနှင့်ပူးပေါင်းမလုပ်ကိုင်မီနှင့်လုပ်ကိုင်နေစဉ်အတွင်း ဓလေ့ထုံးတမ်းဥပဒေ ဘောင်အောက်တွင် ချမှတ်ထားသောရာဇဝတ်မှုများအပါအဝင် အမှုစွပ်စွဲချက်များ၊ ပြစ်ဒဏ်ကျခံရမှုများနှင့် အခြားသော ကလေးခေါင်းပုံဖြတ်ခြင်းဆိုင်ရာ ရာဇဝတ်မှုများ၏ရလဒ်များအားချက်ခြင်းထုတ်ဖော် ပြော ဆိုရမည်။
- ကလေးများအား ဂရုတစိုက် တလေးတစားနှင့်ဂုဏ်သိက္ခာရှိစွာဆက်ဆံရမည်။
- ကလေးများနှင့်ပြုမူပြောဆိုဆက်ဆံရာတွင် ပွင့်လင်းမှုနှင့်ရှင်းလင်းပြတ်သားမှုရှိရမည်။
- ကလေးများလှုပ်ရှားမှုများ၌အန္တရာယ်ကျရောက်နိုင်ခြေရှိမရှိနှင့် သူတို့အတွက် ပတ်ဝန်းကျင်ဘေး ကင်းလုံခြုံစိတ် ချမှုရှိ မရှိကို မိမိတို့၏လှုပ်ရှားမှုများ ပြုလုပ်မှုမတိုင်မီ၊ပြုလုပ် နေစဉ်အတွင်း နှင့်ပြုလုပ် မှုပြီး တိုင်းအကဲဖြတ်မှုပြုလုပ်ရမည်။
- ကလေးများအတွက်ရုပ်ပိုင်းဆိုင်ရာအန္တရာယ်ဖြစ်စေနိုင်သောအခြေအနေများကိုသတိပြုခြင်းဖြင့် ၎င်းတို့အားထိခိုက်ဒဏ်ရာရခြင်းမရှိစေရန်စီမံပေးရမည်။
- အခြားကလေးများ(သို့)လူကြီးများသည်ကလေးသူငယ်များအားကိုယ်ထိလက်ရောက်ဖြစ်စေ၊လိင်ပိုင်းဆိုင်ရာဖြစ်စေ၊စိတ်ပိုင်းဆိုင်ရာဖြစ်စေ စော်ကားမှုခံရနိုင်သည့်အခြေအနေများကို နားလည်သ ဘော ပေါက်ပြီး ထိုပြသနာအားဖြေ ရှင်းရန် မိတ်ဖက်အဖွဲ့အစည်း(သို့) ကျောင်းများနှင့် အတူ ပူးပေါင်း ဆောင် ရွက်ရမည်။
- ကလေးများအားစဉ်ဆက်မပြတ်ကြီးကြပ်ရန်နှင့်၎င်းတို့မည်သည့်နေရာတွင်ရှိနေသည်ကိုသိရှိရန်လုပ်ဖော်ကိုင်ဖက်(သို့)ဆရာများအားကူညီပံ့ပိုးပေးခြင်းများလုပ်ဆောင်ရမည်။

- ခွင့်ပြုချက်မရှိသည့်သူစိမ်းများလာရောက်လည်ပတ်ပြီးကလေးသူငယ်များအားအကူအညီပေးသည့်အခါ သတိပေးတားမြစ်ရမည်။
- ကလေးများနှင့်ပတ်သက်သည့်ပြဿနာများ(သို့)စိုးရိမ်ပူပန်မှုများအားပြောဆိုဆွေးနွေးနိုင်ရန်ပွင့် လင်းသောပတ်ဝန်းကျင်တစ်ခုအား ထိန်းသိမ်းထားရန်။
- ကလေးသူငယ်များ၏စွမ်းရည်မြှင့်တင်ရန်လုပ်ဖော်ကိုင်ဖက်များနှင့်အတူ၎င်းတို့၏အခွင့်အရေးများ၊ လက်ခံနိုင်သောအရာများ၊လက်မခံနိုင်သောအရာများ နှင့်ပြဿနာတစ်ခု ပေါ်ပေါက်ပါကမည်သို့လုပ် ဆောင်မည်ကိုဆွေး နွေးခြင်းများလုပ်၍ဆောင်ရွက်ရမည်။
- အကယ်၍ညှင်းပန်းနှိပ်စက်မှုမှာပေါ်လွင်နေပြီးသံသယရှိပါက ထိရောက်သောအရေးယူ ဆောင်ရွက် မှုပြု လုပ်ရမည်။

အကယ်၍ ဝန်ထမ်းတစ်ဦးဦး(သို့) စေတနာ့ဝန်ထမ်းတစ်ဦးဦးမှ ၎င်းတို့၏စောင့်ရှောက်မှု အောက်ရှိကလေး တစ်ဦးဦး၏ လူမှုဖူလုံရေးနှင့်ပတ်သက်၍စိုးရိမ်စရာများရှိခြင်း၊ကလေးများနှင့်အပြန်အလှန်စကားပြောဆို ခြင်းမှအခြေခံ၍ အထူး သဖြင့်ကလေးမှ အဆိုပါဝန်ထမ်းများ၊ ကန်ထရိုက် တာများ(သို့)စေ တနာ့ဝန်ထမ်းတို့၏ အပြုအမူပိုင်းနှင့် ပတ် သက်ပြီး ထိုနေရာ၌စွပ်စွဲချက်တစုံတရာပြုလုပ်ခြင်းများရှိခဲ့လျှင် ထိုစွဲချက်များ အား သက်ဆိုင် ရာခန့်အပ်ထား သည့်ဝန် ထမ်းများထံသို့အကြောင်းကြားရမည်။

အဓိကကျသည်မှုဘောင်မှာဝန်ထမ်းများအနေဖြင့် မိမိတို့၏ဟာကွက်များအဖြစ် (သို့) ကလေးအား ညှင်း ပန်းနှိပ် စက်ခံရနိုင် သည့်အခြေအနေအောက်သို့ရောက်ရှိအောင်တွန်းပို့သော လှုပ်ရှားမှုများ (သို့)အမူအ ကျင့် များ အားလုံး ကို ရှောင်ရှားသင့်သည်။

# ၄။ ကျင့်ဝတ်စည်းကမ်းများ နှင့် ကျင့်ထုံးဥပဒေများအား ချိုးဖေါက်ခြင်း

**<u>စာချုပ်ချုပ်ဆိုထားသည့်ဝန်ထမ်းများ၊အလုပ်သင်များ၊စေတနာ့ဝန်ထမ်းများနှင့်ကန်ထရိုက်တာများ</u>**

အထက်ဖော်ပြပါဝန်ထမ်းတစ်ဦးဦးအနေဖြင့်ကျင့်ဝတ်စည်းကမ်းများနှင့်ကျင့်ထုံးဥပဒေများအားချိုးဖောက် သည်ကိုတွေ့ ရှိပါ က(သို့)တိုင်တန်းခံရပါက HWF Thailand၏ဒါရိုက်တာAnnဦးဆောင် သည့်အုပ်ချုပ်ရေး အဖွဲ့မှစ တင်ပြီးစုံ စမ်းစစ်ဆေးမှုများကိုလုပ်ဆောင်သွားမည်ဖြစ်ပြီးစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဥ်များကိုဆောင် ရွက်မည်။

**<u>အလှူရှင်များ၊ HWF၏ဘုတ်အဖွဲ့ဝင်များ၊ဧည့်သည်များနှင့် မီဒီယာအပါဝင်</u>**

အထက်ဖော်ပြပါအုပ်စုများမှပုဂ္ဂိုလ်များသည်ကလေးများရှိနေသည့်နေရာများ(သို့)ကလေးများနှင့်တွေ့ဆုံနိုင်မည့်နေရာ များသို့မသွားမီ ကျင့်ဝတ်စည်းကမ်းများအားလိုက်နာပြီး သဘောတူကြောင်းလက်မှတ်ထိုးရမည်။ HWF တွင် တာဝန်ရှိသောဝန်ထမ်းများမှ ထိုအဖွဲ့အစည်းများလည်ပတ်ရေးခရီးစဥ်တလျှောက်တွင် တာဝန်ယူ ကြီး ကြပ် ပေးပြီး လက်မခံနိုင်သောအပြုအမူများတွေ့ရှိပါက ဖြေရှင်းနိုင်ရန်ပြင်ဆင် ထားရမည်။ ကလေး၏ ကောင်းမွန်စွာ နေထိုင်ရေး နှင့်ဘေးကင်းလုံခြုံမှုအား ထိပါးပြီး အန္တရာယ်ဖြစ်နိုင်ခြေရှိသည့် မည်သို့ သောခြိမ်း ခြောက်မှု(သို့) တွန်းပို့မှုမျိုးကိုမဆို အောက်ပါအတိုင်း အရေးယူဆောင်ရွက်ရမည်။

အလှူရှင်များ၊HWF၏ဘုတ်အဖွဲ့ဝင်များနှင့်ဧည့်သည်များအနေဖြင့်၄င်းကျင့်ဝတ်စည်းကမ်းများကိုချိုးဖောက်ခဲ့လျှင်ထိုသူ များ အားအဖွဲ့အစည်းမှစွန့်ခွာရန်တောင်းဆိုခြင်းခံရနိုင်သည်။ အကယ်၍ ထိုဧည့်သည်မှာ အဖွဲ့အ စည်း တစ် ခု ကို ကိုယ် စားပြုပါ သက်ဆိုင်ရာအဖွဲ့အစည်းထံသို့ တိုင်ကြားစာပေးပို့နိုင်သည်။

မီဒီယာသမားများအနေဖြင့် ဤကျင့်ဝတ်စည်းကမ်းများကိုဖောက်ဖျက်ပါက ထိုသူအား စွန့်ခွာရန်တောင်း ဆိုနိုင်ပြီး ၎င်းတို့၏အလုပ်လုပ်ကိုင် ရာနိုင်ငံ(သို့)နေထိုင်ရာနိုင်ငံရှိ စာနယ်ဇင်းကောင်စီထံသို့ တိုင်ကြားစာ ပေးပို့ နိုင်သည်။ HWF၏မီဒီယာကျင့်ဝတ်စည်းကမ်းများအား ကျေးဇူးပြု၍ ရည်ညွှန်းပါ။

ကျင့်ဝတ်စည်းကမ်းများအားချိုးဖေါက်ပါကထိုင်းရဲအရာရှိနှင့်အာဏာပိုင်းများ ဥပမာ ထိုသူ၏သက် ဆိုင်ရာ နိုင်ငံ သံရုံးမှတာဝန်ရှိသူများကိုဆင့်ခေါ် နိုင်သည်။ဤအချက်သည် အထက်ဖော်ပြပါ အကြောင်းအရာ များ နှင့်လည်း အကျုံးဝင်သက်ဆိုင်မှုရှိသည်။

ယေဘုယျအားဖြင့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် အလုပ်သင်များအနေဖြင့် ကျင့်ဝတ်စည်း ကမ်းများ ချိုးဖောက်ခဲ့ပါက အလုပ်မှ(ယာယီ) ဆိုင်းငံ့ခြင်း၊အအ လုပ်ထုတ်ခြင်းများ ဆောင်ရွက်နိုင်ပြီး ဥပဒေကြောင်း အရ အရေးယူ ဆောင်ရွက်မှုနှင့် စောင့်ကြည့်လေ့လာမှုများလည်း လုပ်ဆောင်သွားမည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေပုဒ်မ(၁၇)B.E.၂၅၄၆(၂၀၀၃)၏အဆိုအရ ထိုဥပဒေ အားချိုး ဖောက်မှုများပြုလုပ်ပါက သက်ဆိုင်ရာအချိန်တွင်ထိုင်း ကလေးသူငယ်ကာ ကွယ်စောင့် ရှောက်ရေး ကော်မတီသို့ တိုင်ကြား နိုင် သည်။

## ၅။ ဝန်ထမ်းခန့်အပ်ခြင်း

- ကလေးများနှင့်တိုက်ရိုက်(သို့) သွယ်ဝိုက်ထိတွေ့မှုရှိသော ဝန်ထမ်းများ၊ အလုပ်သင်များ၊ ကန်ထရိုက်တာများ(အတိုင်ပင်ခံများ၊ ရောင်းချသူများနှင့် ဝန်ဆောင်မှုပေးသူများ)နှင့် စေတနာ့ဝန် ထမ်းများ (လစာရရှိ(သို့)မရရှိသော၊ အချိန်ပြည့်(သို့)အချိန်ပိုင်း၊ ယာယီ(သို့)ရေရှည်)အားလုံး သည်**<u>ကလေး သူငယ်ကာ ကွယ် စောင့်ရှောက်ရေးလမ်းညွှန်ချက်</u>**တွင်ဖော်ပြထားသည့်ခန့်အပ်ခြင်း နှင့်အင်တာဗျူး ခြင်းစသည့် လုပ်ထုံး လုပ်နည်းများအားလုံးကို လုပ်ဆောင် သွားရမည်။
- ဝန်ထမ်းများအားလုံးကိုတန်းတူညီမျှအခွင့်အရေးအပေါ်အခြေခံ၍အရည်ချင်းပြည့်မီသောသူအားရွေးချယ်ခန့် အပ်မည်။
- ဝန်ထမ်းအသစ်များသည်ကလေးသူငယ်ဘေးကင်းလုံခြုံရေးနှင့်သက်ဆိုင်သောရှင်းလင်းမှုကြား ချက် များကို ကလေးသူငယ်ဘေးကင်းလုံခြုံရေးအားအထူးလေ့ကျင့်ထားသူထံမှ လေ့ကျင့်သင်ကြား ရလိမ့်မည်။ ၎င်းတို့အနေဖြင့် HWF ၏ ကျင့်ဝတ်စည်းကမ်းများ နှင့် ကလေးသူငယ် ဘေးကင်း လုံခြုံရေးမူဝါဒ အားစောင့်ထိန်းရန်ကတိကဝတ်ပြုရန်ဝန်ထမ်းခန့် အပ်ခြင်း၊စေတနာ့ ဝန်ထမ်း သ ဘောတူညီချက်ကို လက်မှတ်ထိုးရမည်။
- ဝန်ထမ်းများအားလုံးသည်HWF၏ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ထုံးလုပ် နည်းများနှင့်က လေးသူငယ်အခွင့်အရေးများကို သင်တန်းများ၊ဆွေးနွေးပွဲများနှင့်ဖတ်စာများမှတဆင့် သင် ကြား လေ့လာရမည်။
- ဝန်ထမ်းအားလုံးသည်ရာဇဝတ်မှုကျူးလွန်သည့်မှတ်တမ်းမရှိကြောင်းမဖြစ်မနေတင်ပြရမည်ဖြစ် သည်။ ကလေးသူငယ်များနှင့်ဆက်စပ်သောရာဇဝတ်မှုများတွင်ပါဝင်မှုရှိသည်ဟုသံသယရှိသူများနှင့်ကလေးသူငယ်

များအားမလျော်ကန်သောအပြုအမူများနှင့်ဆက်ဆံခြင်း၊ညှင်းပန်းနှိပ်စက်ခြင်း(သို့)ကြမ်းတမ်းစွာဆုံးမပဲ့ပြင်ခြင်းစသောအပြုအမူများတွင်ပါရှိသည့်မည်သူ့ကိုမဆိုအလုပ်ခန့်အပ်သွား မည်မဟုတ်ပါ။

- ယခင်ကကျူးလွန်ခဲ့သည့်(ကလေးသူငယ်များပါဝင်သည့်ရာဇဝတ်မှုများ၊ကလေးများအားမလျော်ကန်စွာဆက်ဆံခြင်း၊ညှင်းပန်းနှိပ်စက်ခြင်း(သို့)ကြမ်းတမ်းစွာဆုံးမပဲ့ပြင်ခြင်း)များကိုဖုံးကွယ်ထားပါကအလုပ်မှထုတ်ပယ်နိုင်သည်။
- ဝန်ထမ်းသစ်များ၏နောက်ကြောင်းရာဇဝင်များနှင့်ထောက်ခံချက်များကိုHR၏ဝန်ထမ်းခေါ်ယူမှုမူဝါဒများနှင့်တစ်ပြေးညီစစ်ဆေးသွားမည်။

<u>**ကလေးသူငယ်များ**</u>

ကလေးများသည်HWFနှင့်လှုပ်ရှားမှုများနှင့်စည်းရုံးလှုံ့ဆော်ရေးများတွင်ပါဝင်ခြင်း၊ပွဲတက်ခြင်း(သို့)အလုပ်အတွေ့အကြုံနေရာချထားပေးခြင်းစသည့် များစွာသောနည်းလမ်းများဖြင့် ပါဝင်ပတ် သက်မှုရှိနိုင်သည်။ မိမိတို့အနေဖြင့်မိမိတို့ကျောင်းများအားမိမိတို့နှင့်ပူးပေါင်းပါဝင်ရန်ဖိတ်ခေါ် ပြီးကျောင်းအုပ်ကြီးမှတဆင့်ကလေးများနှင့်မိဘများကိုထိုအကြောင်းအရာနှင့်ဆက်စပ်၍ ဆွေးနွေးပေးရမည်။ အကယ်၍ ထိန်းသိမ်း မှုများနှင့် တာဝန်ရှိ ခြင်း များကြုံဆုံလာပါက ကလေး၏တရားဝင်အုပ်ထိန်းသူ သည်ကလေး ၏ပါဝင်မှုအ ပေါ်တွင် ဆုံးဖြတ်ချက်ချ ရလိမ့်မည်။ အချို့သောအခြေအနေများတွင် ကလေးအနေဖြင့် ကိုယ်ပိုင် ဆုံးဖြတ် ချက်ချခွင့်ရှိ သည်။

ယေဘုယျအားဖြင့်ဆရာများ(သို့)အခွင့်အာဏာရှိသူတစ်စုံတစ်ဦးမှပြုလုပ်သောလှုပ်ရှားမှုများကိုမှ ကလေးများကို ပြောကြား အသိပေးလိမ့်မည်မဟုတ်ပါ။

## ၆။ ပညာရေး နှင့် လေ့ကျင့်ရေးသင်တန်း

HWF၏အတွင်းနှင့်ပြင်ပတွင်ကလေးသူငယ်အခွင့်အရေးကိုမြှင့်တင်ရေးနှင့်ကလေးသူငယ်များ၏လူမှုဖူလုံရေးကိုကာကွယ်ပေးရန်လိုအပ်သောကျွမ်းကျင်မှုနှင့်နားလည်မှုများ ဖွံ့ဖြိုးစေရန်နှင့် ထိန်းသိမ်းရန် အခွင့်အ လမ်းများစွာရှိသည်။ ဤအခွင့်အလမ်းများကို HWF Thailand ဒါရိုက်တာ၏ကိုယ်ပိုင်ဆုံးဖြတ်ချက် (သို့)တစ်ဦးချင်းစီ၏လျှောက်ထားချက်ဖြင့်ပေးအပ်လိမ့်မည်။

<u>**ထိုအရာများတွင်အောက်ပါအချက်များပါဝင်သည်-**</u>

- ခန့်ထားသည့်ဝန်ထမ်းအသစ်များ၊အလုပ်သင်များ၊ကန်ထရိုက်တာများနှင့်စေတနာ့ဝန်ထမ်းများအားလုံးကိုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးပြဿနာများနှင့်ကလေးသူငယ်ဘေးကင်းလုံခြုံရေးမူဝါဒများ အကြောင်းကိုရင်းနှီးအောင် မိတ်ဆက်သင်ကြားပေးခြင်း။
- လက်ရှိဝန်ထမ်းများအားလုံးကို ကလေးသူငယ်ဘေးကင်းလုံခြုံရေးမူဝါဒနှင့် လုပ်ထုံးလုပ်နည်း များနှင့်ပတ်သက်၍သင်တန်းပို့ချခြင်း။
- လုပ်ထုံးလုပ်နည်းများကိုသတိပေးရန်နှင့်ပြောင်းလဲဖြစ်ပေါ်လာသည့်ကိစ္စအသစ်များနှင့်ပတ်သတ်၍အသိပေးရန်ဝန်ထမ်းများအားတစ်နှစ်တစ်ကြိမ် နေ့တဝက်မွမ်းမံသင်တန်းများပို့ချခြင်း။

- ကလေးသူငယ်များနှင့်အပြန်အလှန်ဆက်သွယ်မှုများမပြုလုပ်မီ အလှူရှင်များနှင့် ဧည့်သည်များအား ကလေးသူငယ်ဘေးကင်းလုံခြုံရေးဆိုင်ရာမူဝါဒနှင့်ကျင့်ဝတ်စည်းကမ်းများကို ရှင်းနီးစေရန်မိတ် ဆက်ပြော ကြားခြင်း။
- ရုံးဧရိယာအတွင်းရှိမြင်သာသောနေရာတွင် HWF၏ကျင့်ဝတ်စည်းကမ်းများပါရှိသည့် စာရွက်တစ်ခု အားကပ်ထားရမည်။

## ၇။ ကလေးများနှင့်ပတ်သက်သည့်သတင်းအချက်လက်များအား စီမံခန့်ခွဲ ခြင်း

**<u>ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလမ်းညွှန်ကိုHWF၏ကျင့်ဝတ်စည်းကမ်းများနှင့်၎င်းအောက်တွင်ဖော်ပြထားသောနောက်ဆက်တွဲတွင်ကြည့်ပါ။</u>**

- ကလေးများနှင့်ပတ်သက်သောလျှို့ဝှက်အချက်အလက်များအား ကြီးကြပ်ထိန်းချုပ်ရန်။
- ကလေးများနှင့်ပတ်သက်သော ရေးသားထားသောစာ၊ ရုပ်ပုံနှင့် နှုတ်အချက်အလက်များ အား အသုံးပြုရာတွင် မည်သည်မှာ သင့်တော်မှုရှိမရှိကို သတိချပ်ရန်နှင့် ဝန်ထမ်းများအနေဖြင့် ကလေးများ၏ ဂုဏ်သိက္ခာနှင့်ကိုယ်ရေး ကိုယ်တာ လျှို့ဝှက်ချက်များအားကာကွယ်ခြင်းနှင့် လေးစားခြင်း၏အ ရေးပါပုံများကို သေချာစွာနားလည် သဘောပေါက်စေရန်။

## ၈။ မိတ်ဖက်အဖွဲ့အစည်းများ

- HWFနှင့်မိတ်ဖက်အဖွဲ့အစည်းများအကြားရှိသဘောတူညီချက်အားလုံး၌ကလေးသူငယ်ဘေးကင်းလုံခြုံရေးမူဝါဒအပေါ်လက်ခံသဘောတူချက်များပါရှိရမည်။
- မိတ်ဖက်အဖွဲ့အစည်းများသည်၎င်းကလေးသူငယ်ဘေးကင်းလုံခြုံရေးမူဝါဒကိုကျင့်သုံးရမည် (သို့)တူညီသောစံချိန်စံညွှန်းများနှင့်အညီရေးဆွဲထားသည့်ကိုယ်ပိုင်မူဝါဒရှိရမည်။မိတ်ဖက်အဖွဲ့အစည်းများနှင့်ရယူထားသည့်သဘောတူညီချက်များတွင်မူဝါဒချိုးဖောက်မှုများနှင့်ပတ်သက်သောသံသယဖြစ်ဖွယ်များအား စုံစမ်းခြင်းနှင့် တိုင်တန်းခြင်းများ အားရှင်းလင်းစွာ ဖော်ပြထားရမည်။ မိတ်ဖက်အဖွဲ့အ စည်းများအတွင်း မူဝါဒချိုးဖောက်မှုများရှိပါက HWFထံသို့တိုင်ကြားရမည်။
- စံပြအခြေခံမူဝါဒများနှင့် လုပ်ထုံးလုပ်နည်း များတိုးတက်လာစေရန် HWF၏ အရင်းမြစ်များ ကိုအသုံးပြု၍ မိတ်ဖက်အဖွဲ့အစည်းများအားစွမ်းဆောင်ရည်တိုးတက်စေခြင်းဖြင့် ရှင်းလင်းသော လုပ်ငန်းစဉ်များ HWFထံ၌ရှိသင့်သည်။

## ၉။ စီမံခန့်ခွဲမှု နှင့် ဖွဲ့စည်းပုံ

ကလေးသူငယ်များအားဘေးကင်းလုံခြုံ မှုပေးရန် မိမိတို့ ဝန်ထမ်းအားလုံးအ နေဖြင့် ၎င်းတို့၏တာဝန်ဝတ္တရား များကို သင်ကြားရန်နှင့်နားလည် ရန်လုံလောက်သော အခွင့်အ ရေးများရှိ အောင် HWFစီမံခန့်ခွဲရေး အဖွဲ့အနေဖြင့် သေချာစွာဆောင်ရွက်ပေးလိမ့်မည်။ ကလေးသူငယ်ဘေးကင်းလုံခြုံရေးမူဝါဒနှင့် လုပ်ထုံး လုပ်နည်းများ အကောင် အထည်ဖော်ဆောင်ရွက်ရာ၌ ကြီးကြပ်နိုင်ရန် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တစ်ရပ် အားအ တည်ပြုလိမ့်မည်။ ကလေး သူငယ်ဘေးကင်းလုံခြုံစေရေးအတွက်စီမံခန့်ခွဲမှုဖွဲ့စည်းပုံမှာအောက်ပါအတိုင်းဖြစ် သည်-

- ကလေးသူငယ်ဘေးကင်းလုံခြုံရေးဆိုင်ရာနှင့်ပတ်သက်၍တာဝန်ရှိသူမှာHWF Thailand ၏ကလေး သူငယ်ဘေးကင်းလုံခြုံရေးတာဝန်ခံ Ivet Castello Mitjans ဖြစ်သည်။ ဆက်သွယ်ရန်ဖုန်းမှာ ၀၆၄ ၃၁၈ ၈၀၃၁ ၊ နှင့် အီးမေးလ်: ivet@helpwithoutfrontiers.org တို့ဖြစ်သည်။
- စီမံခန့်ခွဲရေးအဖွဲ့နှင့်ဝန်ထမ်းများ၏ပုံမှန်အစည်းအဝေးများမှတဆင့်ပွင့်လင်းမြင်သာသောဆက်သွယ်ရေးများရှိလိမ့်မည်။
- သင့်တင့်လျောက်ပတ်သောဖိုရမ်များ၌ ကလေးသူငယ်များ၊ဝန်ထမ်းများနှင့်ပတ်သက်၍ အထိခိုက် မခံသော ကိစ္စများ အပေါ် စိုးရိမ်ကြောင်းတင်ပြရန်အခွင့်အလမ်းများရှိလိမ့်မည်။
- ထိုစိုးရိမ်စရာကိစ္စများကိုနားထောင်ပြီးအပြုသဘောဖြင့်ကိုင်တွယ်ဖြေရှင်းလိမ့်မည်။
- တိုင်ကြားချက်များနှင့်ကလေးများ၏ကိုယ်ရေးအချက်အလက်များကိုလျှို့ဝှက်ထိန်းသိမ်းထားပြီးသိရန်လိုအပ်သောသူများကိုသာထုတ်ဖော်ပြောလိမ့်မည်။
- ဝန်ထမ်းများ၏စွမ်းဆောင်ရည်အားပုံမှန်သုံးသပ်အကဲဖြတ်ဆန်းစစ်မှုများတွင်ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာကိစ္စများပါဝင်နိုင်သည်။
- ကလေးသူငယ်ဘေးကင်းလုံခြုံရေးမူဝါဒအား (ဝန်ထမ်းများ၊ ကလေးများနှင့်အပြန်အလှန်ပုံမှန်ဆက် သွယ်မှုများမှတဆင့်) အကောင်အထည်ဖော်ဆောင်ရွက်ရန် နှင့်လုပ်ငန်းခွင်လုပ်ဆောင်မှုများ ကိုပုံမှန် စစ်ဆေး ရန် အတွက် စီမံခန့်ခွဲရေးအဖွဲ့တွင် တာဝန်ရှိသည်။
- ကလေးသူငယ်ဘေးကင်းလုံခြုံရေးမူဝါဒကို(၆)လတစ်ကြိမ်ပြန်လည်သုံးသပ်ရန်နှင့်လိုအပ်ပါက ပြောင်းလဲဖြည့် စွက်မှုများပြုလုပ်ရန် စီမံခန့်ခွဲရေးအဖွဲ့၌ တာဝန်ရှိသည်။

## ၁၀။ တိုင်တန်းခြင်း နှင့် အရေးယူခြင်း လုပ်ထုံးလုပ်နည်းကျင့်စဉ်

ဤသည်မှာ (HWF) ဝန်ထမ်းများနှင့် အခြားသော (HWF) စေတနာ့ဝန်ထမ်းများ၊ ဧည့်သည်များ၊ အလုပ်သင်များနှင့် အလှူရှင်များအနေဖြင့် ကလေးသူငယ်အလွဲသုံးစားလုပ်မှု နှင့် (သို့) (HWF) ၏ ကလေးသူငယ်ဘေးကင်းလုံခြုံရေးမူဝါဒအား ချိုးဖောက်ခဲ့သည့်ဟု သံသယရှိမှု (သို့) စွပ်စွဲခံရမှု၊ မျက်မြင်သက်သေရှိမှုများရှိပါက တိုင်းတန်းခြင်း နှင့် အရေးယူခြင်းများကိုလုပ်ဆောင်သော လုပ်ထုံး လုပ်နည်းကျင့်စဉ်ဖြစ် ပါသည်။

- ဝန်ထမ်း နှင့် မန်နေဂျာ တို့အနေဖြင့် စုံစမ်းစစ် ဆေးရေးများ၊ အလွဲသုံးစားပြုလုပ်မှုနှင့် လိင်ပိုင်း ဆိုင်ရာ အမြတ်ထုတ်မှုစွပ်စွဲချက်များအား အာဏာပိုင်များ၊ ရုံး (သို့) သက်ဆိုင်ရာလူပုဂ္ဂိုလ်များထံ တုံ့ပြန်ရာတွင် မိမိတို့၏ တာဝန်နဲ့ ဝတ္တရားများကို နားလည်သိရှိထားရမည်။
- အလွဲသုံးစားမှုစွပ်စွဲချက်များအား ထိုအလွဲသုံးစားမှုစွပ်စွဲချက်များဖြစ် ပျက်ပြီးနောက်(သို့)အလွဲ သုံးစား မှုနဲ့ ပတ်သက်သော စိုးရိမ်မှုများ ပေါ်ပေါက်လာ ပါက ချက်ချင်းဆိုသလို သတင်း ပို့ရမည်ဖြစ်သည်။ အောက်ပါ လူပုဂ္ဂိုလ်ထံ ဆက်သွယ်ရမည်။
    - (HWF) ဝန်ထမ်း၊ ဧည့်သည်များ၊ အလှူရှင်များ၊ သဘောတူစာချုပ်ချုပ်ဆိုသူများ၊ ဘုတ်အဖွဲ့များ၊ လုပ်ဖော်ကိုင်ဖက်များ စသည့်လူပုဂ္ဂိုလ်များနှင့် ပတ်သက်သော အကြောင်းအရာများအားလုံးကို ကို (HWF) ၏ ထိုင်းနိုင်ငံကလေးသူငယ်ဘေးကင်းလုံခြုံ ရေးတာဝန်ခံ Ivet Castello Mitjans

ကိုအောက်ပါအီးမေးလ် ivet@helpwithoutfrontier.org နှင့် ဖုန်းနံပါတ် 064 318 8031 ကို ဆက်သွယ်နိုင်သည်။

- စွပ်စွဲချက်တိုင်တန်းခံရပြီး နောက် စုံစမ်းစစ်ဆေးရေးကို လုပ်ဆောင်သွားမှာဖြစ်ပြီး ရက်သတ္တပတ် (၃)ပတ် ထက်မကျော်စေတဲ့ ကာလအတွင်း၌ ပြဿနာကိုဖြေရှင်းပေးနိုင်လိမ့်မည်။

  ၁။ ထိုအတောအတွင်း၌စွပ်စွဲချက်အပြင် ၎င်းနှင့်ပါဝင်ဆက်စပ်မှုများအား အတွင်းကျကျ နားလည်သဘောပေါက်စေရန် ညှင်းပန်းနှိပ်စက်ခံရသော ကလေး နှင့် အပြန်အလှန် ဆွေးနွေးမှု ရယူသွားမည်။

  ၂။ ထိုအပြန်အလှန်ဆွေးနွေးမှုကို စွပ်စွဲတိုင်တန်းမှု ပြုလုပ်ထားသော (သို့) စွပ်စွဲမှု (သို့)အခင်းဖြစ်တည်ရာနေရာ တွင် ရှိနေသော ဝန်ထမ်းနဲ့သာ လုပ်ဆောင်မည်။

- ခိုင်လုံတိကျသောသတင်းရင်းမြစ်များရရှိသူ မည်သူမည်ဝါထံမှစွပ်စွဲချက်များဖြစ်ပါက၊ စွပ်စွဲခံထား ရသောသူသည် ကျူးလွန်ခံထားရသူ ကလေးများနှင့် တိုက်ရိုက်ထိတွေ့ခွင့်မရှိရပါ။
- HWF အနေဖြင့် စွပ်စွဲခံ ဝန်ထမ်းနှင့် ဆွေးနွေးမည်ဖြစ်ပြီး အခြားအတည်ပြုနိုင်သည့် သတင်းရင်းမြစ်များမှ တစ်ဆင့်ရရှိထားသောအထောက်အထားဖြင့်သက်သေပြပြီး လက်မခံနိုင်စရာ အပြုအမူ၏ အကျိုး ဆက် များအား လိုက်နာခြင်းရှိစေရေးကို သေချာအောင်လုပ်ဆောင်မည်။
- အလွဲသုံးစားမှု စွပ်စွဲချက်များကြောင့် အဆိုပါ ဝန်ထမ်း၊စေတနာ့ဝန်ထမ်း၊ အလုပ်သင် များကို အလုပ်မှ (ယာယီ) ဆိုင်ငံ့ခြင်း၊ ထုတ်ပယ်ခြင်းများပြုလုပ်နိုင်သည်။ ဥပဒေကြောင်းအရ အရေးယူ (သို့) စောင့်ကြည့်သွားမည်။
- ပုဒ်မ (၁၇)ကလေးသူငယ်စောင့်ရှောက်ရေးအက်ဥပဒေ B.E.2546 (၂၀၀၃) အရ သက်ဆိုင်ရာ အချိန်အတွင် ထိုမှုကို ချိုးဖောက်ခြင်းအား ထိုင်းကလေးကာကွယ်စောင့်ရှောက်ရေး ကော်မတီသို့ တိုင်ကြားနိုင်သည်။

**နောက်ဆက်တွဲ(အချပ်ပို)**

# နယ်စည်းမခြားကူညီစောင့်ရှောက်ရေးအဖွဲ့

# ကလေးသူငယ် ဘေးကင်းလုံခြုံရေး မူဝါဒ အကျဉ်းချုပ်

နယ်စည်းမခြားကူညီစောင့်ရှောက်ရေးအဖွဲ့ (HWF) သည် ကလေးများ၏ လူမှုဖူလုံရေး အတွက် ကာကွယ်စောင့်ရှောက်ပေးရန် အခိုင်အမာကတိတဝတ်ပြုထားသည်။ (HWF) အနေဖြင့် ကလေးများအား အန္တရာယ်ဖြစ်စေနိုင်သော ကိစ္စရပ်များနှင့်ပတ်သက်၍ အသိပညာများဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသည်ကို အသိအမှတ်ပြုပြီး နားလည်လက်ခံထားသည်။ လှူပ်ရှားမှုများလုပ်ဆောင်စဉ် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း ဧည့်သည် များနှင့်ထိ တွေ့ဆက်နွယ်မှုရှိသောကလေးများအား ဆက်လက် အကာအကွယ်ပေး လုပ်ဆောင် သွားမည်ဖြစ်သည်။

## အဓိကမူဘောင်များ

- ကလေးများ၏ လုံခြုံရေးနှင့် လူမှုဖူလုံရေးလုပ်ငန်းစဉ်များ ပဓာနကျသည်ကို မိမိတို့လက်ခံထားပြီး ကလေးများအန္တရာယ်ကျရောက်ခြင်းမှအကွာအကွယ်ပေးသွားနိုင်သော ကျင့်ကြံလုပ်ဆောင်မှုများ လုပ်ဆောင်ဖို့ ကတိကဝတ်ပြုထားသည်။
- အသက်၊ မသန်စွမ်းမှု၊ ကျားမ၊ လူမျိုး(သို့) လူမျိုးစု ဌာနေ၊ ဘာသာရေးယုံကြည်ချက်နှင့် လိင်ပိုင်းဆိုင်ရာ စသည့် ကွဲပြားမှုများ မည်သို့ပင်ရှိနေစေကာမူ ကလေးများအားလုံး အန္တရာယ် ကျရောက်ခြင်း (သို့) အလွဲသုံးစားပြုခြင်းမှ အကာအကွယ်ပေးရန် အခွင့် အရေးများရှိသည်။
- ကလေးများနှင့် သက်ဆိုင်သည့်လုပ်ဆောင်မှုများအားလုံးအတွက် မူလထည့်သွင်းစဉ်းစား ရမည့် အချက်မှာကလေးများ၏ ကောင်းကျိုးစီးပွားကို ရှေ့ရှုစေရေးဖြစ်သည်။
- မူဝါဒ အနေဖြင့် ကလေးများအား ကာကွယ်ပေးရန် ရည်ရွယ်သည်၊ ထို့ပြင် အလွဲသုံးစားပြုမှုများ တိုင်တန်းတင်ပြရေးအတွက် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ နှင့် ဧည့်သည်များ အားလုံးတို့ကို လည်း အကူညီများပေးအပ်သွားရေးဖြစ်သည်။
- ဤမူဝါဒသည်လုပ်ငန်းလည်ပတ်ချိန်အတောအတွင်းနှင့်လုပ်ငန်းချိန်ပြင်ပအချိန်နှစ်ခုစလုံးတို့အတွက်စဉ်ဆက်မပြတ်သက် ရောက်မှုရှိသည်။

## မူဝါဒ သည် မည်သည့်နေရာတွင်ရှိသနည်း။

- ကလေးများ လုံခြုံရေး မူဝါဒ မိတ္တူစာရွက်သည် မယ်ပ ဗဟိုရုံးချုပ်တွင် တည်ရှိသည်။
- ထို မူဝါဒ **ကို (HWF) ဝက်ဘ်ဆိုဒ်တွင်**လည်း ကြည့်ရှုနိုင်ပါသည်။

## တိုင်ကြားတင်ပြခြင်း

- HWF အနေဖြင့် ကလေးများအပေါ် အလွဲသုံးစားလုပ်ခြင်း နှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများကို လက်ခံနိုင်စရာအကြောင်းမရှိကြောင်း ယူဆသည်။ မိမိတို့အနေဖြင့် ကလေးများအပေါ်အလွဲသုံး စားပြု လုပ်မှုများနှင့်ပတ်သက်သော စိုးရိမ်မှုများနှင့် တိုင်တန်းမှုများအား အလေးထား ဆောင်ရွက် သွား မည်။
- ဝန်ထမ်း နှင့် မန်နေဂျာ တို့အနေဖြင့် စုံစမ်းစစ် ဆေးရေးများ၊ အလွဲသုံးစားပြုလုပ်မှုနှင့် လိင်ပိုင်းဆိုင် ရာအမြတ်ထုတ်မှုစွပ်စွဲချက်များအား အာဏာပိုင်များ၊ ရုံး (သို့) သက်ဆိုင်ရာလူ ပုဂ္ဂိုလ် များထံ တုံ့ပြန်ရာတွင် မိမိတို့၏ တာဝန်နဲ့ ဝတ္တရားများကို နားလည်သိရှိထားရမည်။
- အလွဲသုံးစားမှုစွပ်စွဲချက်များအား ထိုအလွဲသုံးစားမှုစွပ်စွဲချက်များဖြစ်ပျက်ပြီးနောက် (သို့)အလွဲသုံး စား မှုနဲ့ ပတ်သက်သော စိုးရိမ်မှုများ ပေါ်ပေါက်လာ ပါက ချက်ချင်းဆိုသလို သတင်း ပို့ရမည်ဖြစ်သည်။ အောက်ပါ လူပုဂ္ဂိုလ်များထံ ဆက်သွယ်ရမည်။
    - HWF ဝန်ထမ်း၊ ဧည့်သည်များ၊ အလှူရှင်များ၊ သဘောတူစာချုပ်ချုပ်ဆိုသူများ၊ ဘုတ် အဖွဲ့များ၊ လုပ်ဖော်ကိုင်ဖက်များ စသည့်လူပုဂ္ဂိုလ်များနှင့် ပတ်သက်သော အကြောင်း အရာ များအားလုံးကို (HWF) ၏ ထိုင်းနိုင်ငံကလေးသူငယ်ဘေးကင်းလုံခြုံ ရေးတာဝန်ခံ Ivet Castello Mitjans ကိုအောက်ပါအီးမေးလ် ivet@helpwithoutfrontier.org နှင့် ဖုန်းနံပါတ် 0643188031 ကို ဆက်သွယ်နိုင်သည်။

- စွပ်စွဲချက်တိုင်တန်းခံရပြီး နောက် စုံစမ်းစစ်ဆေးရေးကို လုပ်ဆောင်သွားမှာဖြစ်ပြီး ရက်သတ္တပတ် (၃)ပတ် ထက်မကျော်စေတဲ့ ကာလအတွင်း၌ ပြဿနာကိုဖြေရှင်းပေးနိုင်လိမ့်မည်။ ထိုအတောအတွင်း၌၊
    - စွပ်စွဲချက်အပြင် ၎င်းနှင့်ပါဝင်ဆက်စပ်မှုများအား အတွင်းကျကျ နားလည်သဘော ပေါက် စေ ရန် ညှင်းပန်းနှိပ်စက်ခံရသော ကလေး နှင့် အပြန်အလှန်ဆွေးနွေးမှုရယူသွားမည်။
    - ထိုအပြန်အလှန်ဆွေးနွေးမှုကို စွပ်စွဲတိုင်တန်းမှု ပြုလုပ်ထားသော (သို့) စွပ်စွဲမှု (သို့)အခင်းဖြစ် တည်ရာနေရာ တွင် ရှိနေသော ဝန်ထမ်းနဲ့သာ လုပ်ဆောင်မည်။
- ခိုင်လုံတိကျသောသတင်းရင်းမြစ်များရရှိသူ မည်သူမည်ဝါထံမှစွပ်စွဲချက်များဖြစ်ပါက၊ စွပ်စွဲခံထား ရသောသူ သည် ကျူးလွန်ခံထားရသူ ကလေးများနှင့် တိုက်ရိုက်ထိတွေ့ခွင့်မရှိရပါ။
- HWF အနေဖြင့် စွပ်စွဲခံ ဝန်ထမ်းနှင့် ဆွေးနွေးမည်ဖြစ်ပြီး အခြားအတည်ပြုနိုင်သည့် သတင်းရင်း မြစ်များမှ တစ်ဆင့်ရရှိထားသောအထောက်အထားဖြင့်သက်သေပြပြီး လက်မခံနိုင်စရာ အပြုအမူ ၏ အကျိုးဆက် များ အား လိုက်နာခြင်းရှိစေရေးကို သေချာအောင်လုပ်ဆောင်မည်။
- အလွဲသုံးစားမှု စွပ်စွဲချက်များကြောင့် အဆိုပါ ဝန်ထမ်း၊စေတနာ့ဝန်ထမ်း၊ အလုပ်သင် များကို အလုပ်မှ (ယာယီ) ဆိုင်းငံ့ခြင်း၊ ထုတ်ပယ်ခြင်းများပြုလုပ်နိုင်သည်။ ဥပဒေကြောင်းအရ အရေးယူ (သို့) စောင့်ကြည့်သွားမည်။
- ပုဒ်မ (၁၇)ကလေးသူငယ်စောင့်ရှောက်ရေးအက်ဥပဒေ B.E.2546 (၂၀၀၃) အရသက်ဆိုင်ရာ အချိန်အတွင် ထိုမှုကို ချိုးဖောက်ခြင်းအား ထိုင်းကလေးကာကွယ်စောင့်ရှောက်ရေး ကော်မတီသို့ တိုင်ကြားနိုင်သည်။

## ကလေးများအား ဓာတ်ပုံများရိုက်ခြင်း နှင့် ဗီဒီယိုရိုက်ကူးခြင်း

- မည်သည့်အခြေအနေမျိုးတွင်မဆို လူအယောက်ခြင်းစီတိုင်း (အထူးသဖြင့်ကလေးများ) တွင်ရှိသော ရပိုင်ခွင့်များနှင့် ဂုဏ်သိက္ခာကို လေးစားကြရမည်။ စာသားနှင့်ရုပ်ပုံများကို ထိတွေ့ခံစားခြင်း (သို့) ခြယ်လှယ်ခြင်းများ လုံး၀ မရှိစေရ။

- လူတစ်ဦးခြင်းစီ၏ ကိုယ်ရေးကိုယ်တာနှင့်အတွင်းရေးများ လုပ်ပိုင်ခွင့်ရှိခြင်း၊ ယင်းတို့၏ အတွေး အမြင်များအားနားထောင်ခြင်း၊ သူတို့အတွက်သက်ရောက်နိုင်သောဆုံးဖြတ်ချက်များတွင် လိုက် ပါပူး ပေါင်းစေခြင်း နှင့် အမှန်အကန်နှင့် ဖြစ်နိုင်ချေရှိသောအန္တရာယ်နှစ်ခုစလုံးမှ ကာကွယ်ရန် နှင့် ပေးဆပ်ခြင်းများ အား လေးစားသမှုပြုခြင်း။
- လူတစ်ဦးခြင်း၏အကျိုးစီးပွားများကို ကလေးသူငယ်ဆိုင်ရာ ကိစ္စရပ်များအတွက် စည်းရုံးလှုံ့ ဆော် ခြင်းနှင့်ကလေးအခွင့်အရေးမြှင့်တင်ခြင်းတို့အပါအဝင် မည်သို့သောကိစ္စရပ်များနှင့်မတူပဲ အထူးတ လည်ကာ ကွယ်ရမည်။
- ကလေး အား ဓာတ်ပုံရိုက်ခြင်း (သို့) ရုပ်ရှင်ရိုက်ကူးခြင်းများ မပြုလုပ်မီ ကိုယ်ရေးကိုယ်တာ ဓာတ်ပုံများ ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ကန့်သတ်ချက်များ၊ နယ်မြေယဉ်ကျေးမှုများ လိုက်နာပြီး သေချာစွာ ဂရုစိုက်ပါ။
- ကလေး အား ဓာတ်ပုံရိုက်ခြင်း (သို့) ရုပ်ရှင်ရိုက်ကူးခြင်းများ မပြုလုပ်မီ ကလေးနှင့် ကလေး၏ မိဘများ (သို့) အုပ်ထိန်းသူ အား ခွင့်ပြုချက်တောင်းခံပါ။ ဓာတ်ပုံရိုက်ခြင်း (သို့) ရုပ်ရှင်ရိုက် ကူးခြင်း များ မည်သို့ပြုလုပ် မည်ကို ရှင်းလင်းထားမှု ပါရှိရမည်။
- ရိုက်ကူးထားသော ဓာတ်ပုံများ၊ ရုပ်ရှင်များ၊ ဗီဒီယိုများ နှင့် ဒီဗွီဒီ များသည် ကလေးများ၏ လူ့ဂုဏ်သိ က္ခာနှင့် လေးစားသမှု ပြုစေမည့် ဟန်ပန်အမူအရာများသာဖြစ်ရမည် ဖြစ်ပြီး အားနည်းချက် (သို့) နှိမ့်ချမှု မျိုးနှင့်ဖော်ကျူးထားခြင်းမရှိစေရ။ ကလေးများအနေဖြင့် အဝတ်အစားလုံခြုံစွာဝတ် ဆင်ထားသင့်ပြီး လိင်ပိုင်း ဆိုင်ရာအရိပ်အမြွက်ပါရှိသော ကိုယ်နေဟန်ထားမျိုး မလုပ်ခိုင်းစေရ။
- ဓာတ်ပုံများသည် ဖြစ်ပျက်နေသော အခြေအနေနှင့် အချက်အလက်များကို ရိုးသားစွာ ဖော်ပြခြင်းဖြစ် စေ ရမည်။
- ဓာတ်ပုံများအား မည်သို့သော အီလျက်ထရောနစ် (သို့) ရိုက်ကူးထုတ်ဝေခြင်းမျိုးပင်ဖြစ်စေ ပို့ ပါက ဖိုင်အမည်အတိအကျ၊ ဖိုင်တွဲများ (သို့) စာသားဖော်ပြမှုများတွင် ကလေး၏အချက်အလက်များ ကိုဖော် ထုတ်ပြထားခြင်းမရှိစေရ။
- (HWF) မန်နေဂျာ (သို့) သူ၏ သက်ဆိုင်ရာ ဝန်ထမ်း သည် နိုင်ငံရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ ရိုက်ခတ်သက်ရောက်မှု သတင်းအစီရင်ခံများအကြောင်းနှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်ထား မှုရှိထား ရမည်။
- တစ်ဦးတစ်ယောက်အား အန္တရာယ်ကျရောက်နိုင်စေမည့် ဓာတ်ပုံကို ရိုက်ကူးထုတ်ဝေခြင်းမပြုရ။ အမြဲတစေ လူများ၊ ရွာများ နှင့် တည်နေရာများ နှင့် မိမိ၏ လုံခြုံရေးကိုပါ တာဝန်ယူထားသော အဖွဲ့ဝင် ဝန်ထမ်း ၏ လမ်းညွှန်းချက်များကို လေးစားလိုက်နာရမည်။
- ဝန်ထမ်း တစ်ဦးဦးမရှိပဲ (သို့) ကြိုတင်ခွင့်ပြုထားခြင်းမရှိပဲ ဓာတ်ပုံ ရုပ်ပုံများကို လှည့်လည်ရိုက် ကူးခြင်း မပြုရ။
- မည်သည့် ဓာတ်ပုံ ကိုမဆို ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ (HWF) ၏ခွင့်ပြုချက်ကို ရယူရမည်။
- ဓာတ်ပုံ ကို ပုံနှိပ်ထုတ်ဝေပါက ကျေးဇူးပြု၍ ထုတ်ဝေသူအမည် နယ်စည်းမခြားကူညီမှုအသင်း Help without Frontiers ဆိုပြီး ထည့်ရေးပါ။ (ဗီဒီယိုဖြစ်ပါက “thanks to” အပိုင်း၌ HWF ဆိုပြီး ထည့်ရေးပါ။

# ဧည့်သည်များလိုက်နာရမည့်အပြုအမူနှင့်ဆိုင်သည့်ကျင့်ဝတ်စည်းကမ်းများ

ဓာတ်ပုံရိုက်ကူးမှုပြုလုပ်ချင်သည့်ဧည့်သည်များ အောက်ပါ အပြုအမူစည်းမျဉ်းများကို ဖတ်ရှုပြီး လက်ခံရမည်။ ဤစည်းမျဉ်းအား ချိုးဖောက်ခဲ့သော် နယ်စည်းမခြားကူညီမှုအသင်း (HWF) မှာ ကတိကဝတ်ခံ ထားသော လှုပ်ရှားမှုများအား ရပ်တန့်မည်ဖြစ်ပြီး ကျူးလွန်မှုပြင်းထန်ပါက ထိရောက်သော အရေး ယူမှုများ လုပ်ဆောင် သွားမည်။

**နိဒါန်း**

- HWF သို့ လာရောက်လည်ပတ်ခြင်း၏ ရည်ရွက်ချက်အပြည့်အစုံကို ပေးရမည်။
- အလုပ်ခွင် (သို့) လူများအား ဓာတ်ပုံရိုက်ကူးခြင်းများ မလုပ်ဆောင်မီ ခွင့်ပြုချက်ရယူရမည်။
  လုံခြုံရေးအရ ဓာတ်ပုံများရိုက်ကူးရာ၌ ခွင့်ပြုချက်မရှိပါကလည်း ဤစည်းမျဉ်းကို စဉ်ဆက်မပြတ် လေးစားလိုက်နာရမည်။

**အထွေထွေမူဘောင်များ**

- မည်သည့်အခြေအနေမျိုးတွင်မဆို လူအယောက်ခြင်းစီတိုင်း (အထူးသဖြင့်ကလေးများ) တွင်ရှိသော ရပိုင်ခွင့်များနှင့် ဂုဏ်သိက္ခာကို လေးစားကြရမည်။ စာသားနှင့်ရုပ်ပုံများကို ထိတွေ့ခံစားခြင်း (သို့) ခြယ်လှယ်ခြင်းများ လုံးဝ မရှိစေရ။
- လူတစ်ဦးခြင်းစီ၏ ကိုယ်ရေးကိုယ်တာနှင့်အတွင်းရေးများ လုပ်ပိုင်ခွင့်ရှိခြင်း၊ ယင်းတို့၏ အတွေး အမြင်များ အားနားထောင်ခြင်း၊ သူတို့အတွက်သက်ရောက်နိုင်သောဆုံးဖြတ်ချက်များတွင် လိုက် ပါပူး ပေါင်းစေခြင်း နှင့် အမှန်အကန်နှင့် ဖြစ်နိုင်ချေရှိသောအန္တရာယ်နှစ်ခုစလုံးမှ ကာကွယ်ရန် နှင့် ပေးဆပ်ခြင်းများ အား လေးစားသမှုပြုခြင်း။
- လူတစ်ဦးခြင်း၏အကျိုးစီးပွားများကို ကလေးသူငယ်ဆိုင်ရာ ကိစ္စရပ်များအတွက် စည်းရုံးလှုံ့ဆော် ခြင်းနှင့်ကလေးအခွင့်အရေးမြှင့်တင်ခြင်းတို့အပါအဝင် မည်သို့သောကိစ္စရပ်များနှင့်မတူပဲ အထူးတ လည်ကာ ကွယ်ရမည်။
- အမြဲတစေ လူများ၊ ရွာများ နှင့် တည်နေရာများ နှင့် မိမိ၏ လုံခြုံရေးကိုပါ တာဝန်ယူထားသော အဖွဲ့ဝင် ဝန်ထမ်း ၏ လမ်းညွှန်းချက်များကို လေးစားလိုက်နာရမည်။
- ဝန်ထမ်း တစ်ဦးဦးမရှိပဲ (သို့) ကြိုတင်ခွင့်ပြုထားခြင်းမရှိပဲ ဓာတ်ပုံ ရုပ်ပုံများကို လှည့်လည်ရိုက် ကူးခြင်း မပြုရ။
- မိမိရိုက်ကူးသောဓာတ်ပုံများသည် အဖွဲ့အစည်းအတွင်းအသုံးပြုရန်အတွက်သာဖြစ်သည်။ မိမိအနေဖြင့်ထို အပုံများ အား ပုံနှိပ်ထုတ်ဝေချင်ပါက HWF ထံကြိုတင်သဘော တူထောက်ခံချက်ရ ယူထားရန် လိုအပ်သည်။
- တစ်ဦးတစ်ယောက်အား အန္တရာယ်ရှိစေနိုင်သည့် ပုံပြင် (သို့) ပုံကို ပုံနှိပ်ထုတ်ဝေမှုမလုပ်ရ။

**ကလေးများနှင့်ထိတွေ့ခြင်း ဆိုင်ရာ မူဘောင်များ**

- မည်သည့်ကလေးကိုမှ အန္တရာယ်မပြုရ။ ကလေးကို ဝေဖန်ခြင်း၊ ကလေးအား အရှက်ရစေခြင်း (သို့) ယဉ်ကျေးမှုတန်ဖိုးတွေကို ဥပေက္ခာပြုခြင်းဖြင့် အန္တရာယ်ကျရောက်စေလောက်သော နေရာသို့ ရောက် ရှိစေခြင်း (သို့) ကလေး၏နာကျင်ခံစားမှုတွေ နှင့် စိတ်ထိခိုက်နာကျင် စေသော အဖြစ် အပျက်များကို ပြန်လည်မြင်ယောင်အသက်သွင်းစေသည့် မေးခွန်းများ၊ အပြုအမူများ (သို့) မှတ်ချက်များ ကိုရှောင်ရှား ရမည်။

- ကလေးများအား အင်တာဗျူးမေးမြန်းဖို့ရွေးချယ်ရာတွင် ကျား၊မ၊ လူမျိုး၊ အသက်၊ ဘာသာ၊ အဆင့်အတန်း၊ ပညာရေးနောက်ခံသမိုင်းကြောင်း (သို့) ရုပ်ပိုင်းဆိုင်ရာအရည်အသွေးများကြောင့် ခွဲခြားဆက်ဆံမှု မပြုလုပ်ရ။
- ရုပ်ပိုင်းဆိုင်ရာအန္တရာယ်ကျရောက်နိုင်မှုရှိသည့်အခြေအနေများကိုနားလည်သဘောပေါက်ပြီးစီမံပါ။သို့မှသာ ကလေးများထိခိုက်ဒဏ်ရာ မရရှိနိုင်ပါ။
- ကလေးများအား ယင်းတို့၏သမိုင်းနှင့် မသက်ဆိုင်သော အပြုအမူ (သို့) ပုံပြင်များကို ပြောဆိုဖို့ မမေး ပါနှင့်။

မိမိသည်အထက်ပါ ကျင့်ဝတ်စည်းမျဉ်းများကိုဖတ်ရှုပြီး မိမိ၌ရှိအပ်သောကိုယ်ကျင့်တရားများနှင့် ဤ ကျင့်ဝတ်အားချိုးဖောက်ပါက ဖြစ်ပေါ်လာမည့်အကျိုးသက်ရောက်မှုများကို ကောင်းစွာ နားလည် သဘော ပေါက်ပါသည်။

| | |
|---|---|
| လက်မှတ် | ပုံနှိပ်အမည် |
| ရက်စွဲ | နေရာ |

## ဓာတ်ပုံဆရာများနှင့်မီဒီယာများလိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများ

အားလုံးသော မီဒီယာကိုယ်စားလှယ်များအနေဖြင့် ဓာတ်ပုံများရိုက်ခြင်း၊ ဗီဒီယိုများရိုက်ကူးခြင်း (သို့) အင်တာဗျူးခြင်းများ ပြုလုပ်လိုပါက အောက်ပါ ကျင့်ဝတ်စည်းမျဉ်းများကို ဖတ်ရှုပြီး လက်ခံရ မည်ဖြစ်သည်။ ဤစည်းမျဉ်းများကို ချိုးဖောက်ခဲ့သော် နယ်စည်းမခြားကူညီမှု အသင်း (HWF) မှ ကတိကဝတ်ပြုထားသော မည်သည့် လှုပ်ရှားမှုမျိုးကိုမဆို ရပ်တန့်မည်ဖြစ်ပြီး ဖောက်ဖျက်မှု ပြင်းထန်ပါက ထိရောက်သောအရေးယူမှုများ (ကျူးလွန်သူ၏ အလုပ်တည်ရှိရာ (သို့) နိုင်ငံရှိ အလုပ်ရှင်ထံ အကြောင်းကြားခြင်း (သို့) အဆိုပါ သတင်းမီဒီယာ ကောင်စီထံ တရားဝင်တိုင်ကြားမှု များ ပြုလုပ်ခြင်းများ) လုပ်ဆောင်သွားမည်။

**<u>နိဒါန်း</u>**

- ကျေးဇူးပြု၍ HWF ထံသို့ ပုံနှိပ်ထုတ်ဝေသည့်ချယ်နယ်များ၊ မီဒီယာ များအပါအဝင် မိမိ၏ အလုပ်ကိစ္စနှင့် လာရောက်လည်ပတ်မှု ရည်ရွယ်ချက်ကို အသေးစိပ် ပြောဆိုရမည်။
- သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် လူများ (သို့) အလုပ်ခွင်များ အား ဓာတ်ပုံရိုက် ကူးခြင်းများကိုမလုပ်ဆောင်မီ ခွင့်ပြုချက်ရယူရမည်။ လုံခြုံရေးအရ ခွင့်ပြုချက်မပါပဲ ဓာတ်ပုံရိုက် ကူးခြင်းများ လုပ်ဆောင်ပါက ဤကျင့်ဝတ်စည်းကမ်းကို အပြည့်အဝ အမြဲတမ်းလေး စားလိုက်နာ ရမည်။
- ပုံနှိပ်ထုတ်ဝေခြင်း၊ အသံလွှင့်ခြင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း နေ့ရက် နှင့် သတင်းမီဒီယာ အမည်များ၏ကြိုတင်သတင်းအချက်အလက်များကို HWF ထံသို့ ပေးထားရမည်။

**<u>အထွေထွေ မူဘောင်များ</u>**

- မည်သည့်အခြေအနေမျိုးတွင်မဆို လူအယောက်ခြင်းစီတိုင်း (အထူးသဖြင့်ကလေးများ) တွင်ရှိသော ရပိုင်ခွင့်များနှင့် ဂုဏ်သိက္ခာကို လေးစားကြရမည်။ စာသားနှင့်ရုပ်ပုံများကို ထိတွေ့ခံစားခြင်း (သို့) ခြယ်လှယ်ခြင်းများ လုံးဝ မရှိစေရ။

- လူတစ်ဦးခြင်းစီ၏ ကိုယ်ရေးကိုယ်တာနှင့်အတွင်းရေးများ လုပ်ပိုင်ခွင့်ရှိခြင်း၊ ယင်းတို့၏ အတွေး အမြင်များအားနားထောင်ခြင်း၊ သူတို့အတွက်သက်ရောက်နိုင်သောဆုံးဖြတ်ချက်များတွင် လိုက် ပါပူး ပေါင်းစေခြင်း နှင့် အမုန်အကန်နှင့် ဖြစ်နိုင်ချေရှိသောအန္တရာယ်နှစ်ခုစလုံးမှ ကာကွယ်ရန် နှင့် ပေးဆပ်ခြင်းများ အား လေးစားသမုပြုခြင်း။
- လူတစ်ဦးခြင်း၏အကျိုးစီးပွားများကို ကလေးသူငယ်ဆိုင်ရာ ကိစ္စရပ်များအတွက် စည်းရုံးလှုံ့ ဆော် ခြင်းနှင့်ကလေးအခွင့်အရေးမြှင့်တင်ခြင်းတို့အပါအဝင် မည်သို့သောကိစ္စရပ်များနှင့်မတူပဲ အထူးတ လည်ကာ ကွယ်ရမည်။
- (HWF) မန်နေဂျာ (သို့) သူ၏ သက်ဆိုင်ရာ ဝန်ထမ်း သည် နိုင်ငံရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ ရိုက်ခတ်သက်ရောက်မှု သတင်းအစီရင်ခံများအကြောင်းနှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်ထား မှုရှိထား ရမည်။
- တစ်ဦးတစ်ယောက်အား အန္တရာယ်ကျရောက်နိုင်စေမည့် ဓာတ်ပုံကို ရိုက်ကူးထုတ်ဝေခြင်းမပြုရ။ အမြဲတစေ လူများ၊ ရွာများ နှင့် တည်နေရာများ နှင့် မိမိ၏ လုံခြုံရေးကိုပါ တာဝန်ယူထားသော အဖွဲ့ဝင် ဝန်ထမ်း ၏ လမ်းညွှန်းချက်များကို လေးစားလိုက်နာရမည်။
- ဝန်ထမ်း တစ်ဦးဦးမရှိပဲ (သို့) ကြိုတင်ခွင့်ပြုထားခြင်းမရှိပဲ ဓာတ်ပုံ ရုပ်ပုံများကို လှည့်လည်ရိုက် ကူးခြင်း မပြုရ။
- မည်သည့် ဓာတ်ပုံ ကိုမဆို ပုံနှိပ်ထုတ်ေဝခြင်းမပြုမီ HWF ၏ခွင့်ပြုချက်ကို ရယူရမည်။
- ဓာတ်ပုံ ကို ပုံနှိပ်ထုတ်ေဝပါက ကျေးဇူးပြု၍ ထုတ်ဝေသူအမည် နယ်စည်းမခြားကူညီမှုအသင်း Help without Frontiers ဆိုပြီး ထည့်ရေးပါ။ (ဗီဒီယိုဖြစ်ပါက “thanks to” အပိုင်း၌ HWF ဆိုပြီး ထည့်ရေးပါ။

## ကလေးများနှင့်ထိတွေ့ခြင်း ဆိုင်ရာ မူဘောင်များ

- မည်သည့်ကလေးကိုမှ အန္တရာယ်မပြုရ။ ကလေးကို ဝေဖန်ခြင်း၊ ကလေးအား အရှက်ရစေခြင်း (သို့) ယဉ်ကျေးမှုတန်ဖိုးတွေကို ဥပေက္ခာပြုခြင်းဖြင့် အန္တရာယ်ကျရောက်စေလောက်သော နေရာသို့ ရောက် ရှိစေခြင်း (သို့) ကလေး၏နာကျင်ခံစားမှုတွေ နှင့် စိတ်ထိခိုက်နာကျင် စေသော အဖြစ် အပျက်များကို ပြန်လည်မြင်ယောင်အသက်သွင်းစေသည့် မေးခွန်းများ၊ အပြုအမူများ (သို့) မှတ်ချက်များ ကိုရှောင်ရှား ရမည်။
- ကလေးများအား အင်တာဗျူးမေးမြန်းဖို့ရွေးချယ်ရာတွင် ကျား၊မ၊ လူမျိုး၊ အသက်၊ ဘာသာ၊ အဆင့်အတန်း၊ ပညာရေးနောက်ခံသမိုင်းကြောင်း (သို့) ရုပ်ပိုင်းဆိုင်ရာအရည်အသွေးများကြောင့် ခွဲခြားဆက်ဆံမှု မပြုလုပ်ရ။
- ကလေးများအား ယင်းတို့၏သမိုင်းနှင့် မသက်ဆိုင်သော အပြုအမူ (သို့) ပုံပြင်များကို ပြောဆိုဖို့ မမေး ပါနှင့်။
- အင်တာဗျူးများ၊ ဗီဒီယိုရိုက်ကူးခြင်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးသည့်အချိန်များ အတွက် ကလေးထံ နှင့် သူ၊သူမ၏ အုပ်ထိန်းသူထံမှ ခွင့်ပြုချက်ကိုရယူရမည်။ အဆိုပါ ခွင့်ပြုချက် များကို ကလေး နှင့်ယင်း၏အုပ်ထိန်းသူများအား မည်သို့သောနည်းလမ်းဖြင့် အတင်းအကျပ် လုပ်ခိုင်းမှုမဖြစ်စေ သည့်အ ခြေအနေမျိုးတွင်ရယူရမည်ဖြစ်ပြီး သူတို့အနေဖြင့် ပါဝင်ထားသော ထိုပုံပြင်ဓာတ် လမ်းများ သည် ပြည်တွင်းပြည်ပတွင်ပါ ဖြန့်ဖြူးနိုင်သည်ကိုလည်း နားလည်သ ဘောပေါက်ထားရမည်။

မိမိသည်အထက်ပါ ကျင့်ဝတ်စည်းမျဉ်းများကိုဖတ်ရှုပြီး မိမိ၌ရှိအပ်သောကိုယ်ကျင့်တရားများနှင့် ဤကျင့် ဝတ် အားချိုးဖောက်ပါက ဖြစ်ပေါ်လာမည့်အကျိုးသက်ရောက်မှုများကို ကောင်းစွာ နားလည်သ ဘော ပေါက်ပါသည်။

လက်မှတ် ပုံနှိပ်အမည်

ရက်စွဲ အဖွဲ့အစည်း၊ မီဒီယာ

## သတင်းထောက်များလိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများ

စာနယ်ဇင်းသမားများအားလုံး အင်တာဗျူးလိုပါက အောက်ပါ ကျင့်ဝတ်စည်းမျဉ်းများကို ဖတ်ရှုပြီး လက်ခံရမည်ဖြစ်သည်။ ဤကျင့်ဝတ်စည်းမျဉ်းများကို ချိုးဖောက်ပါက နယ်စည်းမခြားကူညီမှုအသင်း (HWF) အနေဖြင့် ကတိကဝတ်ပြုထားသောမည်သို့သောလှုပ်ရှားမှုများကိုမဆို ရပ်ဆိုင်းမည်ဖြစ်ပြီး ချိုးဖောက် မှုပြင်း ထန်သော် ထိရောက်သောအရေးယူဆောင်ရွက်မှုများကို (ကျူးလွန်သူ၏ အလုပ်တည်ရှိရာ (သို့) နိုင်ငံရှိ အလုပ် ရှင်ထံ အကြောင်းကြားခြင်း (သို့) အဆိုပါ သတင်းမီဒီယာ ကောင်စီထံ တရားဝင် တိုင်ကြား မှုများပြုလုပ်ခြင်းများ) လုပ်ဆောင်သွားမည်။

**<u>နိဒါန်း</u>**

- ကျေးဇူးပြု၍ HWF ထံသို့ ပုံနှိပ်ထုတ်ေဝသည့်ချယ်နယ်များ၊ မီဒီယာ များအပါအဝင် မိမိ၏ အလုပ်ကိစ္စနှင့် လာရောက်လည်ပတ်မှု ရည်ရွယ်ချက်ကို အသေးစိပ် ပြောဆိုရမည်။
- သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် လူများ (သို့) အလုပ်ခွင်များ အား ဓာတ်ပုံရိုက် ကူးခြင်းများ ကိုမလုပ်ဆောင်မီ ခွင့်ပြုချက်ရယူရမည်။ လုံခြုံရေးအရ ခွင့်ပြုချက်မပါပဲ အင်တာဗျူး ခြင်းများ၊ ဓာတ်ပုံရိုက်ကူးခြင်းများ လုပ်ဆောင်ပါက ဤကျင့်ဝတ်စည်းကမ်းကို အပြည့်အဝ အမြဲတမ်းလေး စားလိုက်နာရမည်။
- ကလေးများနှင့် အရွယ်မရောက်သေးသောသူများဖြင့် အင်တာဗျူးလိုပါက ယင်းတို့မိဘများ (သို့)ဆရာ၊ဆရာမ များနှင့် HWF ဝန်ထမ်း ထံတွင် ကြိုတင်ခွင့်ပြုချက်ရယူရမည်။
- ပုံနှိပ်ထုတ်ဝေခြင်း၊ အသံလွှင့်ခြင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းနေ့ရက် နှင့် သတင်းမီဒီယာ အမည် များ၏ ကြိုတင်သတင်းအချက်အလက်များကို HWF ထံသို့ ပေးထားရမည်။

**<u>အထွေထွေမူဘောင်များ</u>**

- မည်သည့်အခြေအနေမျိုးတွင်မဆို လူအယောက်ခြင်းစီတိုင်း (အထူးသဖြင့်ကလေးများ) တွင်ရှိသော ရပိုင်ခွင့်များနှင့် ဂုဏ်သိက္ခာကို လေးစားကြရမည်။ စာသားနှင့်ရုပ်ပုံများကို ထိတွေ့ခံစားခြင်း (သို့) ခြယ်လှယ်ခြင်းများ လုံးဝ မရှိစေရ။
- လူတစ်ဦးခြင်းစီ၏ ကိုယ်ရေးကိုယ်တာနှင့်အတွင်းရေးများ လုပ်ပိုင်ခွင့်ရှိခြင်း၊ ယင်းတို့၏ အတွေး အမြင်များအားနားထောင်ခြင်း၊ သူတို့အတွက်သက်ရောက်နိုင်သောဆုံးဖြတ်ချက်များတွင် လိုက် ပါပူး ပေါင်းစေခြင်း နှင့် အမှန်အကန်နှင့် ဖြစ်နိုင်ချေရှိသောအန္တရာယ်နှစ်ခုစလုံးမှ ကာကွယ်ရန် နှင့် ပေးဆပ်ခြင်းများ အား လေးစားသမုပြုခြင်း။

- လူတစ်ဦးခြင်း၏အကျိုးစီးပွားများကို ကလေးသူငယ်ဆိုင်ရာ ကိစ္စရပ်များအတွက် စည်းရုံးလှုံ့ ဆော်ခြင်းနှင့်ကလေးအခွင့်အရေးမြှင့်တင်ခြင်းတို့အပါအဝင် မည်သို့သောကိစ္စရပ်များနှင့်မတူပဲ အထူးတ လည်ကာကွယ်ရမည်။
- (HWF) မန်နေဂျာ (သို့) သူ၏ သက်ဆိုင်ရာ ဝန်ထမ်း သည် နိုင်ငံရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ ရိုက်ခတ်သက်ရောက်မှု သတင်းအစီရင်ခံများအကြောင်းနှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်ထား မှုရှိထားရမည်။
- တစ်ဦးတစ်ယောက်အား အန္တရာယ်ကျရောက်နိုင်စေမည့် ဓာတ်ပုံကို ရိုက်ကူးထုတ်ဝေခြင်းမပြုရ။ အစီခံမှု အားအထောက်အထားများ ပြောင်းလဲချင်ပါက လက်ခံမှုကို အရင်ဆုံးမေးမြန်းပါ။
- အမြဲတစေ လူများ၊ ရွာများ တည်နေရာများ နှင့် မိမိ၏ လုံခြုံရေးကိုပါ တာဝန်ယူထားသော အဖွဲ့ဝင် ဝန်ထမ်း ၏ လမ်းညွှန်းချက်များကို လေးစားလိုက်နာရမည်။
- ဝန်ထမ်းတစ်ဦးဦးမရှိပဲ (သို့) ကြိုတင်ခွင့်ပြုထားခြင်းမရှိပဲ ကလေးများနှင့်လူများ (သို့) ဓာတ်ပုံများ ရိုက်ခြင်းအားများကို လုည့်လည် မပြုလုပ်ရ။
- HWF ဝန်ထမ်းများ၊ ကလေးများ နှင့် အင်တာဗျူးမေးမြန်းခံ သူများ၏ ထုတ်ပြန်ပြောဆိုမှုများအား မှန်ကန်တိကျစွာ ကိုယ်စားပြုဖော်ပြရမည်။
- HWF ဝန်ထမ်းများ၊ ကလေးများ (သို့) အခြားလူပုဂ္ဂိုလ်များ၏ မည်သို့သောထုတ်ပြန်မှုမျိုးကိုမဆို ပုံနှိပ်တင်ဆက်မှု မပြုလုပ်မီ ၎င်းကို HWF မှ အတည်ပြုရမည်။

**<u>ကလေးများအား အင်တာဗျူး ခြင်း မူဘောင်များ</u>**

- ကလေးအား မည်သည့်နေရာ နှင့် မည်သို့ အင်တာဗျူးသည်ကို သတိရှိပါ။ လူကြီးတစ်ဦးဦး မပါရှိပဲ မည်သို့သော ကလေး (သို့) အရွယ်မရောက်သော သူများအား အင်တာဗျူးမလုပ်ရပါ။
- မည်သည့်ကလေးကိုမှ အန္တရာယ်မပြုရ။ ကလေးကို ဝေဖန်ခြင်း၊ ကလေးအား အရှက်ရစေခြင်း (သို့) ယဉ်ကျေးမှုတန်ဖိုးတွေကို ဥပေက္ခာပြုခြင်းဖြင့် အန္တရာယ်ကျရောက်စေလောက်သော နေရာသို့ ရောက်ရှိစေခြင်း (သို့) ကလေး၏နာကျင်ခံစားမှုတွေ နှင့် စိတ်ထိခိုက်နာကျင် စေသော အဖြစ် အပျက်များကို ပြန်လည်မြင်ယောင်အသက်သွင်းစေသည့် မေးခွန်းများ၊ အပြုအမူများ (သို့) မှတ်ချက်များ ကိုရှောင်ရှား ရမည်။
- ကလေးများအား အင်တာဗျူးမေးမြန်းဖို့ရွေးချယ်ရာတွင် ကျား၊မ၊ လူမျိုး၊ အသက်၊ ဘာသာ၊ အဆင့်အတန်း၊ ပညာရေးနောက်ခံသမိုင်းကြောင်း (သို့) ရုပ်ပိုင်းဆိုင်ရာအရည်အသွေးများကြောင့် ခွဲခြားဆက်ဆံမှု မပြုလုပ်ရ။
- ကလေးများအား ယင်းတို့၏သမိုင်းနှင့် မသက်ဆိုင်သော အပြုအမူ (သို့) ပုံပြင်များကို ပြောဆိုဖို့ မမေး ပါနှင့်။
- ကလေးများ၏ ကိုယ်ပိုင်တွေးတောကြံဆမှုများကို ဝင်ရောက်စွက်ဖက်မှုမျိုး (သို့) နိမိတ်ပြမေး ခွန်းမျိုး မပါရှိပဲ ခွင့်ပြုရမည်။
- ကလေးနှင့် မိဘများ (သို့) အုပ်ထိန်းသူများ သည် စာနယ်ဇင်းသမားများနှင့် စကားပြောနေသည်ကို နားလည်စေပါ။ ဆက်လက်ပြီး ကလေးများသည် ယင်းတို့၏ ကိုယ်ပိုင်အကြောင်းအရာများကို ဖိအားများမပါရှိပဲ လွတ်လပ်စွာ ပြောဆိုနိုင်ရန် ကိုလည်း သေချာအောင်လုပ်ဆောင်ပါ။
- အင်တာဗျူးအားလုံးအတွက် ကလေး နှင့် သူ၊ သူမ ၏ အုပ်ထိန်းသူများ ထံခွင့်ပြုချက်ရယူပါ။ အဆိုပါခွင့်ပြုချက်များကို ကလေးနှင့်ယင်း၏အုပ်ထိန်းသူများအား မည်သို့သောနည်းလမ်းဖြင့် အတင်း အကျပ်လုပ်ခိုင်းမှုမဖြစ်စေ သည့်အခြေအနေမျိုးတွင်ရယူရမည်ဖြစ်ပြီး သူတို့အနေဖြင့် ပါဝင်ထား သော ထိုပုံပြင်ဇာတ်လမ်း များသည် ပြည်တွင်းပြည်ပတွင် ဖြန့်ဖြူးနိုင်သည်ကိုလည်း နားလည်သဘောပေါက် စေရမည်။

မိမိသည်အထက်ပါ ကျင့်ဝတ်စည်းမျဉ်းများကိုဖတ်ရှုပြီး မိမိ၌ရှိအပ်သောကိုယ်ကျင့်တရားများနှင့် ဤကျင့် ဝတ် အားချိုးဖောက်ပါက ဖြစ်ပေါ်လာမည့်အကျိုးသက်ရောက်မှုများကို ကောင်းစွာ နားလည်သ ဘော ပေါက်ပါသည်။

| | |
|---|---|
| လက်မှတ် | ပုံနှိပ်အမည် |
| ရက်စွဲ | အဖွဲ့အစည်း၊ မီဒီယာ |

## စေတနာ့ဝန်ထမ်းများလိုက်နာရမည့်HWF၏ပုဂ္ဂိုလ်ရေးဆိုင်ရာကျင့်ဝတ် စည်းကမ်း များ

မိမိသည် ထိုင်းနိုင်ငံ၌ နေထိုင်စဉ်အတွင်း နယ်စည်းမခြားကူညီမှုအသင်း အားကိုယ်စားပြုထားလိမ့်မည်။ ကျွန်ုပ်တို့နှင့် နေစဉ်အတွင်း ပြုမူကျင့်ကြံပုံအချို့ကို လိုက်နာဆောင်ရွက်မည်ဟု မျှော်လင့်ပါသည်။ ထိုပြုမူ ကျင့်ကြံမှုများကို ချိုးဖောက်ခဲ့လျှင် မိမိအားခေါ်ယူဆွေးနွေးခံရလိမ့်မည်။ ဒါ့ပြင် ထိုကျင့်ဝတ်များ ဆက်လက် ကျူးလွန်ဖောက်ဖျက်ပါက (သို့) ဖောက်ဖျက်မှု ပြင်းထန်ပါက သင်နှင့်သဘောတူညီထား သည့်အရာ များကို ကျွန်ုပ်တို့ရပ်ဆိုင်းလိမ့်မည်။

**ထိုစံသတ်မှတ်ချက်များသည် အောက်ပါအတိုင်းဖြစ်သည်၊**

၁။ ကျွန်ုပ်တို့သည် အချိန်တိုင်း ပညာရှင်ပီသသည့်(လူကြီးလူကောင်းဆန်သည့်)လုပ်ရပ်များကိုသာ မျှော်လင့် သည်။ ဆိုလိုသည်မှာ လူပုဂ္ဂိုလ်များနှင့် ကလေးများဖြင့် ထိတွေ့ဆက်ဆံသည့်အခါ ရှင်းလင်းတိကျပြီး လေးစား သမုပြသည့် နည်းလမ်းမျိုးဖြစ်သည်၊ ဒါ့အပြင် ကျွန်ုပ်တို့ နှင့် ကျွန်ုပ်တို့၏ကျောင်းများ နှင့် ကတိကဝတ်ပြုထား သောတာဝန်ဝတ္တရားအား ကျေပွန်စွာဖြည့်ဆည်းရမည်။
၂။သင်နှင့် ကျွန်ုပ်တို့အချင်းချင်းကြား ကျောင်း (သို့) ပရောဂျက် များကိုပံ့ပိုးကြမည်ဟု ကတိက ဝတ်ပြုထားသည့်အတွက်ကြောင့် သင်သည်အချိန်ကိုလေးစားလိုက်နာမှုရှိမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ သင့်အနေဖြင့် ကတိပြုထားသည့်အတိုင်း အလုပ်တာဝန်ကို အချိန်မှန်မှန်နှင့် လုပ်ဆောင်စရာရှိသမျှ လုပ်ဆောင်သွား မည်ဟုမျှော်လင့်ပါသည်။
၃။သင့်အနေဖြင့် ကလေးများနှင့် လူငယ်များဖြင့် အလုပ်လုပ်ကိုင်ရာတွင် နယ်စည်းမခြားကူညီမှုအသင်း၏ ကျင့်ဝတ်စည်းမျဉ်းများကို လေ့လာ လိုက်နာ သွားမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။
၄။ ထိုင်းနိုင်ငံ တွင်နေထိုင်စဉ် နိုင်ငံ၏တရားဥပဒေများ နှင့် သဘောတူထားသည့်ကျင့်ဝတ်စည်းမျဉ်းများအား လေ့လာရမည်။
၅။ ကျေးဇူးပြု၍ သင့်အနေနှင့် အလုပ်ချိန်နှင့် အလုပ်ချိန်နောက်ပိုင်းအခြေအနေ နှစ်မျိုးလုံးမှာမဆို ပြုမူလုပ်ဆောင်သောကျင့်ကြံမှုများသည် သင့်အပြင် HWF နှင့် မဲဆောက်သို့လာသည် အခြား သောစေတနာ့ဝန်း ထမ်းများ၏ဂုဏ်သိက္ခာအပေါ်တန်ပြန်သက်ရောက်မှုများရှိသည်ကို သတိချပ်ထား သင့်သည်။ မိမိ၏ ပြုမူလုပ် ဆောင်မှုများသည် ဒေသခံလူမှုအဖွဲ့အစည်းကို သွယ်ဝိုက်သောနည်းလမ်းဖြင့် သက်ရောက် မှုရှိနိုင် သည်ကို သိထားရမည်။

၆။တရားမဝင်မူးယစ်ဆေးဝါးများ သုံးစွဲမှုမပြုရန် (သို့) ထိုသို့သောအုပ်စုများနှင့် ပါဝင်ပတ်သက်မှုမရှိပါနဲ့။ ထိုင်းနိုင်ငံ ၌ ဤအမှုကျူးလွန်ခြင်းသည် ပြင်းထန်သောပြစ်ဒဏ်ကိုကျခံရနိုင်ပြီး HWF အနေဖြင့် သင့်အား ထိုအ မှုအခင်းများကြောင့်ဖမ်းဆီးခံရပါက လိုက်လံတာဝန်ယူဖြေရှင်းပေးနိုင်မည်မဟုတ်ပါ။ ထို့ပြင် သင်နှင့် သဘော တူညီထား

သောစေတနာ့ ဝန်ထမ်းသဘောတူညီချက်ကိုလည်း ရပ်ဆိုင်းမည်ဖြစ်ပြီး ထိုအ မှုပြစ် ဒဏ်ကို သင်နှင့် သက်ဆိုင်ရာ သံရုံးတွင်သာတာဝန်ရှိသည်ကို နားလည်ရမည်။
၇။သင်နှင့် အခြားသူတို့၏လုံခြုံရေးအား ကိုယ်တိုင်သာထိန်းသိမ်းရမည်ကိုသဘောပေါက်ရမည်ဖြစ်ပြီး လို အပ်သော လုပ်ဆောင်မှုများကိုလည်း လိုက်နာလုပ်ဆောင်ရမည်။
၈။နိုင်ငံရေးတက်ကြွလှုပ်ရှားမှုများ၌ ပါဝင်ပူးပေါင်းမှုမပြုလုပ်ရ။သင့်အနေဖြင့်ထိုလှုပ်ရှား မှုများ၌ပါဝင် ပါကအရေး ယူခြင်း မခံရသော်လည်း ဒေသခံ အဖွဲ့အစည်းများအတွက် ပြင်းထန်သောရိုက်ခတ်၊ သက်ရောက်မှု များရှိလာနိုင်သည်။

မိမိသည်အထက်ပါ ကျင့်ဝတ်စည်းမျဉ်းများကိုဖတ်ရှုပြီး မိမိ၌ရှိအပ်သောကိုယ်ကျင့်တရားများနှင့် ဤကျင့် ဝတ်အားချိုးဖောက်ပါက ဖြစ်ပေါ်လာမည့်အကျိုးသက်ရောက်မှုများကို ကောင်းစွာ နားလည်သ ဘော ပေါက် ပါသည်။

| | |
|---|---|
| __________________ | __________________ |
| လက်မှတ် | ပုံနှိပ်အမည် |
| __________________ | __________________ |
| ရက်စွဲ | နေရာ |

## အမှုဖြစ်စဉ်များအားကိုင်တွယ်ဖြေရှင်းမှုကိုဖော်ပြသည့်ဇယား

တိုင်ကြားမှုပြုလုပ်ပါက (HWF) အနေဖြင့် အောက်ပါ အမှုအခင်း စီမံခန့်ခွဲ စီးဆင်းမှုပြ ဂရပ်ကို လိုက်နာ ဆောင်ရွက်သွားမည်။

အမှုဖြစ်စဉ်များအားကိုင်တွယ်ဖြေရှင်းမှုကိုဖော်ပြသည့်ဇယား

